# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက် | ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၄)၊ အမှတ် (၁၄၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် ယခုအချိန်ကတည်းကပင် အစီအမံများ ချမှတ်ဆောင်ရွက်ရမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် အမှာစကားပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ➜*

**ယနေ့ ဖတ် စ ရာ**



**ကျွန်တော်ချစ်သော တောင်ဇလပ်မြေ အစဉ်ထာဝရ အေးချမ်းပါစေ**

ဆောင်းပါး

စာ ၆

**မန္တလေးပြည်သူ့ဆေးရုံကြီး၌ (၈၃)ကြိမ်မြောက် ကျောက်ကပ် အစားထိုးခွဲစိတ်ကုသမှု အောင်မြင်စွာ ဆောင်ရွက်**



ပြည်တွင်းသတင်း

စာ ၉

**၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု အင်္ဂလိပ်စာ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများပါရှိ**

၂၀၂၅ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင် စာမေးပွဲအတွက် စာမေးပွဲ အထောက်အကူပြု အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို စာမျက်နှာ ၁၆၊ ၁၇ တွင် ဖော်ပြပါရှိပါသည်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

**❑ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်၍ အကျိုးခံစားခွင့် (၉) ရပ်ရှိ၊ ယင်းတို့မှာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ နာမကျန်းအကျိုးခံစားခွင့်၊ အလုပ်လက်မဲ့အကျိုးခံစားခွင့်၊ သက်ကြီးအကျိုးခံစားခွင့်၊ အလုပ်ခွင်ထိခိုက်မှုအကျိုးခံစားခွင့်၊ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်၊ မီးဖွားမှုအကျိုးခံစားခွင့်၊ ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့်နှင့် ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရသူများအကျိုးခံစားခွင့် စသည်တို့ဖြစ်**

❍ *ရွှေဖုံးမှ*

အစည်းအဝေးသို့ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်

ဦးစွာ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးသည် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ အဋ္ဌမအကြိမ်မြောက် အစည်းအဝေးဖြစ်ကြောင်း၊ ယခုအစည်းအဝေးဆွေးနွေးမှုမှ ရရှိလာမည့် အကြံပြုချက်များနှင့် ဆုံးဖြတ်ချက်များမှတစ်ဆင့် တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်သည့်လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု နည်းလမ်းများကိုအသုံးပြုပြီး လက်ရှိဆောင်ရွက်နေသည့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းရပ်များကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

### ဆယ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်

ထို့အပြင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေး ရေးဆွဲပြဋ္ဌာန်းထားသည့်“မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၁၄)”ကို ရေးဆွဲဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် ဆယ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ ထို့ကြောင့် ကော်မတီဝင်ဝန်ကြီးများ၊ ဌာနများအနေဖြင့် မဟာဗျူဟာပါ လုပ်ငန်းရပ်များနှင့်ချိတ်ဆက်ပြီး ၁၀ နှစ်တာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများကို စုစည်း၍ အားသာချက်၊ အားနည်းချက်များကို မှတ်တမ်းပြုစုသွားကြရန်လိုကြောင်း၊ သို့မှသာ အစိုးရအဆက်ဆက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများ ထပ်မံဆောင်ရွက်သည့်အခါတွင် ပိုမိုကောင်းမွန်စေပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတွင် အပိုင်း (၂)ပိုင်းရှိကြောင်း၊ ပထမအပိုင်းအနေဖြင့် လုပ်ငန်းရှင်နှင့် အလုပ်သမားတို့က အချိုးကျထည့်ဝင်ပြီး နိုင်ငံတော်မှလည်း သင့်တင့်သည့် ထည့်ဝင်မှုများဖြင့် ဆောင်ရွက်သည့် လူမှုရေးအာမခံစနစ် (Social Insurance System)ဖြစ်ပြီး အလုပ်သမားဝန်ကြီးဌာနအောက်ရှိ လူမှုဖူလုံရေးအဖွဲ့တို့ ဆောင်ရွက်လျက်ရှိကြောင်း၊ ဒုတိယအပိုင်းအနေဖြင့် နိုင်ငံတော်မှ မတည်ထည့်ဝင်ငွေနှင့် ပုဂ္ဂလိက စေတနာရှင်များက ထည့်ဝင်ငွေများဖြင့် ဆောင်ရွက်လျက်ရှိသည့် လူမှုရေးထောက်ပံ့မှုအစီအစဉ် (Social Assistance Scheme)တို့ဖြစ်ကြောင်း၊ ၎င်းအပိုင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း။

မိမိတို့ မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတကာနှင့် ဆက်စပ်၍ လူမှုကာကွယ်စောင့်ရှောက်ရေး (Social Protection) လုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ ကောင်းမွန်သည့် ကျင့်ထုံးများကို အဖွဲ့ဝင်နိုင်ငံအချင်းချင်း ဖလှယ်နိုင်ရေး ရည်ရွယ်လျက် အပြည်ပြည်ဆိုင်ရာ လူမှုဖူလုံရေးအသင်း(International Social Security Association–ISSA) ကို ၁၉၂၇ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့မှစ၍ နိုင်ငံပေါင်း ၁၆၃ နိုင်ငံမှ အသင်းအဖွဲ့အစည်းပေါင်း ၃၃၈ ဖွဲ့ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းအပြင် အာဆီယံလူမှုဖူလုံရေးအသင်း(ASEAN Social Security Association–ASSA)ကိုလည်း လူမှုဖူလုံရေးဆိုင်ရာ ကောင်းမွန်သည့်အတွေ့အကြုံများနှင့် အလေ့အကျင့်များ မျှဝေနိုင်ရန် ရည်ရွယ်၍ သဘောတူညီချက်စာချွန်လွှာ (Memorandum of Agreement)ကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့တွင် အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခဲ့ပြီး အာဆီယံ ၁၀ နိုင်ငံမှ လူမှုဖူလုံရေးအဖွဲ့အစည်း ၂၀ ခုဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

### ထောက်ပံ့နိုင်ရေး စီစဉ်ဆောင်ရွက်

လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်၍ အကျိုးခံစားခွင့် (၉) ရပ်ရှိကြောင်း၊ ယင်းတို့မှာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ နာမကျန်းအကျိုးခံစားခွင့်၊ အလုပ်လက်မဲ့အကျိုးခံစားခွင့်၊ သက်ကြီးအကျိုးခံစားခွင့်၊ အလုပ်ခွင်ထိခိုက်မှုအကျိုးခံစားခွင့်၊ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်၊ မီးဖွားမှုအကျိုးခံစားခွင့်၊ ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့်နှင့် ပြင်းထန်စွာထိခိုက်ဒဏ်ရာရသူများ အကျိုးခံစားခွင့် စသည်တို့ဖြစ်ကြောင်း၊ ယင်းတို့ကို မိမိတို့၏ ဘဏ္ဍာငွေကြေးသုံးစွဲနိုင်မှုအပေါ်မူတည်၍ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်၍ နိုင်ငံတကာနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်ပြီး လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ်ဖြစ်သည့် အသက် (၈၅) နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များအား ထောက်ပံ့သည့် လူမှုရေးပင်စင်အစီအစဉ် (Social Pension)နှင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် (၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်းအစီအစဉ် (Maternal and Child Cash Transfer Program–MCCT)တို့မှ အကျိုးခံစားခွင့်ရှိသူများကို ယခု ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့် ထောက်ပံ့နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် အသက်(၂)နှစ်အောက် ကလေးငယ်များ ထောက်ပံ့နိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အသက်(၂) နှစ်အောက် ကလေးငယ်အားလုံးဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်မျှ မကျန်ခဲ့စေရန် တာဝန်ရှိသူများက ဆောင်ရွက်ပေးစေလိုကြောင်း။

### စိန်ခေါ်မှုများလည်းရှိ

ထို့ပြင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် “အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ်(Public Feedback Programme – PFP)” အသုံးပြု၍ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန်အတွက် ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်ကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် စိန်ခေါ်မှုများလည်းရှိကြောင်း။

လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် ယခုအချိန်ကတည်းကပင် အစီအမံများ ချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် နိုင်ငံတော်မှရရှိသည့် ရန်ပုံငွေဖြင့် ထောက်ပံ့ပေးလျက်ရှိကြောင်း၊ နောင်တစ်ချိန်တွင် တိုးမြှင့်ထောက်ပံ့မှုများ ဆောင်ရွက်နိုင်ရန်အတွက် ယခုကတည်းကပင် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ အလားတူ အလုပ်ရှင်များအနေဖြင့်လည်း မိမိတို့ဝန်ထမ်းများအား ပုံစံအမျိုးမျိုးဖြင့် ထောက်ပံ့နိုင်ရေး မျှော်မှန်းစဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းများသာမက နောင်တွင် နိုင်ငံတော်၏ ငွေကြေးကဏ္ဍအပေါ်မူတည်၍ ထောက်ပံ့ရေးအစီအစဉ်များကို ဆွေးနွေးပေးကြစေလိုကြောင်း၊ နိုင်ငံတိုင်းတွင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများရှိကြောင်း၊ တစ်ကမ္ဘာလုံးအနေဖြင့် GDP တွင် လူမှုကာကွယ်စောင့်ရှောက်ရေးအသုံးစရိတ်ပါဝင်မှု ရာခိုင်နှုန်းသည် ၁၂ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး ဝင်ငွေအနည်းဆုံး နိုင်ငံများအနေဖြင့် GDP တွင် လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ်ပါဝင်မှုရာခိုင်နှုန်းသည် ၁ ဒသမ ၁ ရာခိုင်နှုန်းဖြစ်ကြောင်း၊ နိုင်ငံ၏ GDP ပေါ်မူတည်၍ ထောက်ပံ့မှုရာခိုင်နှုန်းများကို တွေ့မြင်နိုင်ကြောင်း၊ နိုင်ငံအလိုက် ထောက်ပံ့မှုများကိုလေ့လာ၍ မိမိတို့နိုင်ငံနှင့် နှိုင်းယှဉ်ဆောင်ရွက်ကြစေလိုကြောင်း။

### အမြဲမပြတ် Update ဖြစ်စေရန်ဆောင်ရွက်

ထို့ပြင် ၂၀၁၆ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေအရ သက်ကြီးရွယ်အိုများအတွက် လျှော့ပေါ့သက်သာခွင့်ရရှိနိုင်ရေးအတွက် သက်ကြီးရွယ်အို သက်သေခံကတ်ပြား ထုတ်ပေးနိုင်ရေးနှင့်စပ်လျဉ်းပြီး ပထမအဆင့်အနေဖြင့် သက်ကြီးရွယ်အိုများဆိုင်ရာ နည်းဥပဒေများပါ ကင်းလွတ်ခွင့်နှင့် လျှော့ပေါ့သက်သာခွင့်များကို သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် မိမိတို့လုပ်ဆောင်ပေးနိုင်မည့် ဝန်ဆောင်မှုများအပေါ် ကင်းလွတ်ခွင့် သို့မဟုတ် လျှော့ပေါ့ သက်သာခွင့်များအား ညှိနှိုင်းခြင်း၊ ဒုတိယအဆင့်အနေဖြင့် ဝန်ဆောင်မှုများအလိုက် ကင်းလွတ်ခွင့်နှင့် ရာခိုင်နှုန်းအလိုက် လျှော့ပေါ့သက်သာခွင့်များကို ကော်မတီအနေဖြင့် အများပြည်သူသိရှိနိုင်ရေး အမိန့်ကြော်ငြာစာထုတ်ပြန်ပေးခြင်း၊ တတိယအဆင့်အနေဖြင့် သက်သေခံကတ်ပြားများ ကိုင်ဆောင်အသုံးပြုရန် အသက်အပိုင်းအခြားအလိုက် သက်ကြီးရွယ်အိုများ စာရင်းကောက်ယူခြင်း၊ စိစစ်ခြင်းနှင့် ထုတ်ပေးခြင်းတို့ကို အဆင့်ဆင့်ဆောင်ရွက်သွားကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ပြင် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်များကိုလည်း အမြဲမပြတ် Update ဖြစ်စေရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

**ဝိုင်းဝန်းဆွေးနွေး**

လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများသည် အစိုးရတစ်ရပ်အနေဖြင့် မဖြစ်မနေဆောင်ရွက်ပေးရမည့် လုပ်ငန်းများဖြစ်ကြောင်း၊ ထို့ပြင် ပြည်သူလူထုကို အမှန်တကယ် တိုက်ရိုက်အကျိုးပြုရန် ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများဖြစ်သည့်အတွက် တက်ရောက်လာကြသူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် လိုအပ်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေးကြရန်လိုကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်များ၊ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများအားလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက အလုပ်သမားဝန်ကြီးဌာနအနေဖြင့် အာမခံအလုပ်သမားများ၏ အကျိုးခံစားခွင့်အပြည့်အဝရရှိရေး၊ ဆေးကုသနိုင်ရေး ဆောင်ရွက်ပေးနေမှု အခြေအနေများအားလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးများ ကောင်းမွန်လာစေရေးနှင့် ပြည်သူလူထုစိုက်ထုတ်သုံးစွဲသည့် ငွေကြေးလျော့ပါးလာစေရေးအတွက် ဆောင်ရွက်ပေးနေမှုအခြေအနေများအားလည်းကောင်း ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ယင်းနောက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးစိုးကြည်က ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ ပူးပေါင်းလုပ်ဆောင်နေမှုများနှင့် အကြံပြုချက်များကို ဆွေးနွေးတင်ပြကြသည်။

**လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းပေး**

ထို့နောက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၃၁) ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

နှစ်(၈၀) ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် (၃၁)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ အကဲဖြတ်အမှတ်ပေးအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် စစ်တီးဝိုင်းအသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြိုင်ပွဲဝင်စစ်တီးဝိုင်းအဖွဲ့များက တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းအား အလေးပြုခြင်း၊ နိုင်ငံတော်အလံ အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန် (၄) ချက် ရွတ်ဆိုခြင်းတို့ကို အစီအစဉ်အတိုင်း ပြုလုပ်သည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက နှစ်(၈၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် (၃၁) ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (ခ) အဆင့်တွင် စစ်တီးဝိုင်းခေါင်းဆောင် ကျွမ်းကျင်မှု တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်း အသင်းခေါင်းဆောင်၊ ဒုတိယဆုရရှိသည့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်း ခေါင်းဆောင်နှင့် ပထမဆုရရှိသည့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်း ခေါင်းဆောင်တို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။**(ယာပုံ)**

ဆက်လက်၍ (က) အဆင့်တွင် စစ်တီးဝိုင်းခေါင်းဆောင် ကျွမ်းကျင်မှု အကောင်းဆုံးဆုရရှိသည့် စစ်တက္ကသိုလ်ကိုယ်စားပြု စစ်တီးဝိုင်းအသင်း ခေါင်းဆောင်၊ (ခ) အဆင့် အသင်းလိုက်အထူးဆု ဧရာဝတီတိုင်းဒေသကြီး တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ တတိယဆုရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ် (၁) စစ်တီးဝိုင်းအသင်း၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ် (၁)စစ်တီးဝိုင်းအသင်း၊ ပထမဆုရရှိသည့် နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ် (၁)စစ်တီးဝိုင်းအသင်း၊(က)အဆင့် အသင်းလိုက် အထူးဆုရရှိသည့် စစ်တက္ကသိုလ်ကိုယ်စားပြုစစ်တီးဝိုင်းအသင်း၊ တတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ ဒုတိယဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု ရဲတီးဝိုင်းအသင်း၊ ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြု စစ်တီးဝိုင်းအသင်းတို့ကို ဆုများပေးအပ်ချီးမြှင့်ပြီးအခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အဆိုပါ တပ်မတော်နေ့ အထိမ်းအမှတ် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်း ပြိုင်ပွဲများကို ၁၉၉၂ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး နှစ် (၈၀) ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် (၃၁) ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်း ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက်မှ စတင်၍ ကျင်းပပြုလုပ်ခဲ့ရာ ပြိုင်ပွဲဝင် စစ်တီးဝိုင်းအသင်းပေါင်း ၂၆ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အစိုးရပြောရေးဆိုခွင့်ရှိသူများ စွမ်းဆောင်ရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်မည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ ရန်ကုန်မြို့သို့ ရောက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖေဖော်ဝါရီ ၂၆ ရက် မှ ၂၈ ရက်အထိ နေပြည်တော်ရှိ Horizon Lake View Hotel တွင် အိမ်ရှင်အဖြစ် တာဝန်ယူကျင်းပမည့် **"ထိရောက်သော လူထုဆက်ဆံရေးအတွက် အစိုးရပြောရေးဆိုခွင့်ရှိသူများ စွမ်းဆောင်ရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ"** (Workshop on Mastering Government Communication: Empowering Spokespersons for Effective Public Engagement) သို့ တက်ရောက်မည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းမှ စတင်၍ ရန်ကုန်မြို့သို့ ရောက်ရှိရာ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။**(အောက်ဝဲပုံ)**



**"ထိရောက်သော လူထုဆက်ဆံရေးအတွက် အစိုးရပြောရေးဆိုခွင့်ရှိသူများ စွမ်းဆောင်ရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ"**ကို အာဆီယံ ပြန်ကြားရေးဆပ်ကော်မတီ၏ စီမံကိန်းတစ်ခုအဖြစ် အာဆီယံ ယဉ်ကျေးမှုရန်ပုံငွေ အထောက်အပံ့ဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး အာဆီယံဒေသတွင်းရှိ အစိုးရပြောရေးဆိုခွင့်ရှိသူများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဖြင့် မီဒီယာနှင့်အစိုးရ တာဝန်ရှိသူများအကြား ထိထိရောက်ရောက် ဆက်သွယ်ပြောဆိုနိုင်ရန်၊ အဓိကကျသည့် သတင်းစကားများ ဖြန့်ဖြူးပေးပို့နိုင်ရန်နှင့် အစိုးရနှင့် ပြည်သူလူထုအကြား ယုံကြည်မှုတည်ဆောက်ရန်သာမက အကျပ်အတည်း အခြေအနေများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် လိုအပ်သော ကျွမ်းကျင်မှုနှင့် အသိပညာများ ဖလှယ်နိုင်ရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ အာဆီယံအဖွဲ့ဝင် နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ ထိုင်း၊ ဖိလစ်ပိုင်၊ မလေးရှား၊ မြန်မာ၊ လာအိုနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်တို့ ပါဝင်တက်ရောက်ဆွေးနွေးကြမည်ဖြစ်ပြီး လေ့လာသူများအဖြစ် ဂျပန်နိုင်ငံ ကိုယ်စားလှယ်နှင့် အခြားတာဝန်ရှိသူများ တက်ရောက်ကြမည်ဖြစ်သည်။

ထို့အတူ အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံရှိ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအပါအဝင် မီဒီယာအဖွဲ့အစည်းများမှ တာဝန်ရှိသူများက လေ့လာသူအဖြစ် ပါဝင်တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အိမ်ရာအရောင်းပြပွဲ ပြုလုပ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

စင်ကာပူနိုင်ငံရောက် မြန်မာများကို ဦးတည်ရောင်းချမည့် အိမ်ရာအရောင်းပြပွဲကို စင်ကာပူနိုင်ငံတွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ (၆) ကြိမ်မြောက် မြန်မာ့အိမ်ရာများ အရောင်းပြပွဲကြီးကိုမတ်လအတွင်း Shwe Property က ကျင်းပသွားမည်ဖြစ်သည်။ အရောင်းပြပွဲကြီးကို မတ် ၁ ရက်နှင့် ၂ ရက်တွင် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ Mercure Bugis Hotel ၌ ကျင်းပသွားမည်ဖြစ်သည်။

ရန်ကုန်၊ မန္တလေးနှင့် အခြားမြို့ကြီးများရှိ စိတ်ချခိုင်မာမှုရှိသည့် တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ တိုက်ခန်း၊ မီနီကွန်ဒို၊ ကွန်ဒို၊ လုံးချင်းအိမ်နှင့် ဂရန်အမည်ပေါက်မြေကွက်များကို စိတ်တိုင်းကျရွေးချယ်နိုင်မည်ဖြစ်ပြီး သိန်း ၉၀၀ ကျော်မှစသည့် ဆောက်လုပ်ဆဲနှင့် BCC ကျပြီး တိုက်ခန်းများ၊ သိန်း ၂၀၀၀ ကျော်မှစသည့် ဆောက်လုပ်ဆဲနှင့် BCC ကျပြီး မီနီကွန်ဒိုများ၊ သိန်း ၃၀၀၀ ကျော်မှ စသည့် အဆင့်မြင့်ကွန်ဒိုများ၊ သိန်း ၄၀၀၀ ကျော်မှစသည့် Luxury ကွန်ဒို ၊ လုံးချင်းအိမ်များ စသည့် ကွန်ဒို/ တိုက်ခန်း/ မြေကွက်/ လုံးချင်းအိမ် ၁၀၀၀ ကျော်ကို တစ်နေရာတည်းမှာ စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

ပြပွဲရက်အတွင်း ရရှိနိုင်မည့် အထူးအစီအစဉ်များအနေဖြင့် အသက်သာဆုံး 1 Sqft အထူးလျှော့ဈေးများနှင့် ဝယ်ယူခွင့်၊ ငွေတစ်လုံးတစ်ခဲတည်း ပေးစရာမလိုဘဲ လစဉ်ပုံမှန်ပေးသွင်းဝယ်ယူနိုင်ခြင်း၊ အတိုးမဲ့အရစ်ကျစနစ်အပြင် နှစ်ရှည်ဝယ်ယူလိုသူများအတွက် သက်သောင့်သက်သာပေးချေပြီး အရစ်ကျဝယ်ယူခွင့်၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၏ စင်ကာပူရောက်ရွှေမြန်မာများအတွက် အထူးသီးသန့်လျှော့ဈေးဖြင့် ဝယ်ယူခွင့်နှင့် သေချာခိုင်မာမှုရှိသည့် စာချုပ်စာတမ်းများဖြင့် အချိန်မကုန်ဘဲ စိတ်ကြိုက်ဝယ်ယူခွင့်ရရှိနိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

ပြပွဲတက်ရောက်ရန် https://www. shweproperty.com/sp/bsf4dpdkv တွင် အခမဲ့စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ်သိရှိလိုပါက Viber & Whatsapp မှ +95 9940 670 944 သို့ ဆက်သွယ်နိုင်ကြောင်း အသိပေးထားသည်။

**မေသက်**

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**
ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကော်မတီဥက္ကဋ္ဌသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်သယံဇာတရေးရာဝန်ကြီးများက အွန်လိုင်းမှ ပါဝင်တက်ရောက်ကြသည်။ (ယာပုံ)



**သစ်တောသစ်ပင်များ၏ အခန်းကဏ္ဍသည် အရေးကြီး**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝပတ်ဝန်းကျင်ကောင်းမွန်ရေး၊ ရာသီဥတုပြောင်းလဲမှု လျော့နည်းစေရေးအတွက် သစ်တောသစ်ပင်များ၏ အခန်းကဏ္ဍသည် အရေးကြီးသည့်အတွက် သဘာဝတောများ ထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

ပလတ်စတစ်စွန့်ပစ်အမှိုက်များသည် ပင်လယ်ပြင်ညစ်ညမ်းမှုနှင့် ပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေသကဲ့သို့ လူမှုရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးဖြစ်ပေါ်စေသည့်အတွက် ဆက်စပ်ဌာန၊ အဖွဲ့အစည်းများနှင့် ပြည်သူလူထုတို့၏ ပူးပေါင်းပါဝင်မှုဖြင့် ပလတ်စတစ်ညစ်ညမ်းမှု လျော့ကျစေရေးတို့ကို ရေရှည်အစီအမံများ ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ တစ်ခါသုံး ပလတ်စတစ်လျှော့ချရေး၊ ပြန်လည်အသုံးပြုရေးအတွက် 3R (Reduce၊ Reuse၊ Recycle) ကို ဆောင်ရွက်သွားရန်လိုကြောင်း။

**အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ**

မြန်မာနိုင်ငံအနေဖြင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချနိုင်ရေးအတွက် အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအတွင်း Fire Hotspots ဖြစ်ပေါ်မှုအား ၂၀၂၆ ခုနှစ်တွင် ၂၀ ရာခိုင်နှုန်း၊ ၂၀၂၈ ခုနှစ်တွင် ၂၅ ရာခိုင်နှုန်း၊ ၂၀၃၀ ပြည့်နှစ်တွင် ၃၀ ရာခိုင်နှုန်း လျှော့ချနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းခြင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် လောင်ကျွမ်းသည့် အခြားမီးတို့မှ ဖြစ်ပေါ်လာသော မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချနိုင်ရေးအတွက် နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သက်ဆိုင်ရာဌာနများအနေဖြင့် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ရေရှည်တည်တံ့သော သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးအတွက် အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းကော်မတီ၏ ဆောင်ရွက်မှု၊ စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းကော်မတီ၏ ဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာသူများသည် ကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ကဏ္ဍအလိုက် အသေးစိတ်ဆွေးနွေးကြပြီး ဆုံးဖြတ်ချက်များချမှတ်ကာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပုဗ္ဗသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**
နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပုဗ္ဗသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးသည်။



**လှည့်လည်ကြည့်ရှု**

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် သပြေတန်းကျေးရွာအုပ်စု ရာဇဌာနီလမ်းဘေးရှိ ကွင်းအမှတ် ၁၆၄၁ အတွင်း ဆောင်းနေကြာ မျိုးစေ့ထုတ်စိုက်ခင်းအနီး ယာယီရှင်းလင်းဆောင်၌ တောင်သူများနှင့် တွေ့ဆုံ၍ တောင်သူများ၏ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ကွင်းအမှတ် ၁၆၄၁ ဆောင်းနေကြာမျိုးစေ့ထုတ်စိုက်ခင်းတွင် ဆင်ရွှေကြာ-၂ နေကြာစိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**နဝင်းချောင်းတံတား လုပ်ငန်းခွင်ကြည့်ရှု**

ဆက်လက်၍ တပ်ကုန်းမြို့နယ် ကင်းသာကျေးရွာအုပ်စု ရန်ကုန် – မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၂၄၅/၇ နဝင်းချောင်းတံတား (အဆုံတံတား) ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် နေပြည်တော် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်နေသည့် Gabion Box ကမ်းထိန်းနံရံ၊ မြစ်ကြောင်းဖြောင့်ခြင်းနှင့် Guide Wall တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု လုပ်ငန်းခွင်ကိုလည်းကောင်း၊ တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာအုပ်စု နွယ်ရစ်ကျေးရွာအနီး တောင်သူများ စိုက်ပျိုးထားသည့် ပန်းမုန်လာ၊ ပန်းစိမ်း၊ ဂေါ်ဖီ၊ ဖူးစားပြောင်း၊ ကြက်သွန် စသည့် ဟင်းသီးဟင်းရွက်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

**ဈေးကွက်ရရှိရေးမှာကြား**

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာ၌ စက်ရက်ကန်းအလုပ်ရုံလုပ်ငန်းလည်ပတ်နေမှု အခြေအနေများနှင့် ပိတ်စများထုတ်လုပ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ် ဒေသမှထွက်ရှိသည့် ဝါကုန်ကြမ်းများကို အသုံးပြုနိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးနှင့် ဈေးကွက်ရရှိရေးတို့ကိုမှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ၂၀၂၅ ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့်နှင့် သက်ကြီးတန်းဝါသနာရှင်အဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်နာယက ဦးဝင်းလှိုင် အလှည့်ကျဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ ဓာတ်ပုံ– MGF

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**
မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်မှ ကြီးမှူး၍ Burmese Golf (BG) မှအဓိကကူညီပံ့ပိုးသော (President Cup) ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့်နှင့် သက်ကြီးတန်းဝါသနာရှင်အဆင့် ပြိုင်ပွဲများ၏ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)၌ ပြုလုပ်ရာ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် ရန်ကုန်ဂေါက်ကွင်းတို့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် နာယက ဦးဝင်းလှိုင်၊ ဥက္ကဋ္ဌ ဦးကိုကိုအေး၊ ဗဟို အလုပ်အမှုဆောင်နှင့် အထက်မြန်မာပြည် ဂေါက်သီးအားကစား ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌဦးစိုး၊ ဗဟိုအလုပ်အမှုဆောင် ဦးအောင်ကိုဇော်၊ ရန်ကုန်ဂေါက်ကွင်း အတွင်းရေးမှူး ဦးခင်မောင်တင့်နှင့် အလုပ်အမှုဆောင် ဦးအောင်ငွေးလှိုင်တို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးပြီး ပထမနေ့ ၁၈ ကျင်း ပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြသည်။

ယနေ့ပြိုင်ပွဲတွင် ဝါသနာရှင်အဆင့် (အမျိုးသား) ၁၄၇ ဦး၊ ဝါသနာရှင်အဆင့် သက်ကြီးတန်း (အသက်၅၅) နှစ်နှင့်အထက် ၂၇ ဦး စုစုပေါင်း အားကစားသမား ၁၇၄ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲကို မျိုးဆက်သစ်ဂေါက်သီး အားကစားသမားများ၏ လက်ရည်အဆင့်အတန်း တိုးတက်လာစေရန်နှင့် နိုင်ငံတကာ အဆင့်မီယှဉ်ပြိုင်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲကို ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း) ၌ ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၇ ရက်အထိ လေးရက်ကြာ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



(၇၇) နှစ်မြောက် ချင်းအမျိုးသားနေ့ပွဲတော် မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်ထားသည်ကို တွေ့ရစဉ်။ (၂၀-၂-၂၀၂၅)




(၇၇) နှစ်မြောက် ချင်းအမျိုးသားနေ့ပွဲတော်တွင် တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များ ဖျော်ဖြေတင်ဆက်ကြစဉ် ။ (၂၀-၂-၂၀၂၅)

# ကျွန်တော်ချစ်သော တောင်ဇလပ်မြေ အစဉ်ထာဝရအေးချမ်းပါစေ

**မြင့်စိုး(နတလ)**

- ❖ **လက်နက်ကိုင်အကြမ်းဖက်မှုများ၏ ဆိုးကျိုးကို လက်တွေ့ခံစားနေရသည်မှာ ဒေသခံတိုင်းရင်းသား ပြည်သူများပင် ဖြစ်ပါသည်။ ထိခိုက်ဆုံးရှုံးမှုမှန်သမျှမှာလည်း နိုင်ငံတော်၏ အရင်းအမြစ်နှင့် အခြေခံအဆောက်အအုံများပင် ဖြစ်ပါသည်။ တိုးတက်ဖွံ့ဖြိုးမှု အရှိန်အဟုန်ရရှိနေသည့်အခြေအနေမှ ယခုကဲ့သို့ မဆင်မခြင်လုပ်ရပ်များကြောင့် ပျက်စီးဆုံးရှုံးရခြင်းမှာ နိုင်ငံ၏ အင်အားကို လျော့ပါးစေပြီး မူလအခြေအနေ ပြန်လည်ရောက်ရှိအောင် အကုန်အကျများစွာနှင့် အချိန်ယူ တည်ဆောက်ကြရမည်**
- ❖ **ထို့ကြောင့် နိုင်ငံနှင့် ပြည်သူအတွက် ဆိုးကျိုးများကို ဖြစ်ပေါ်စေသည့် ဆူပူအကြမ်းဖက် တိုက်ခိုက်မှုများ ပပျောက်စေပြီး တည်ငြိမ်အေးချမ်းမှုရရှိစေရန် ချင်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူများက အားလုံးပူးပေါင်းပါဝင်ကြရန် တိုက်တွန်းလို**

**ဟားခါးမြို့၏ အထင်ကရ ရုန်းတောင်**

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့က နေပြည်တော်မှ ကလေးမြို့သို့ တပ်မတော် လေယာဉ်ဖြင့် ပျံသန်းချိန် ၁ နာရီ ၁၀ မိနစ်၊ ကလေးမှ ဟားခါးမြို့သို့ ရဟတ်ယာဉ်ဖြင့် ပျံသန်းချိန် မိနစ် ၃၀ စွန်းစွန်းမျှသာ။

ဟားခါးမြို့ပေါ် ဝဲပျံနေချိန်မှာတော့ အရင်ဆုံး ကျွန်တော် ရည်မှန်းဦးခိုက်လိုက်မိသည်က ရုန်းတောင်ပေါ်တွင် စံပယ်တော်မူလျက်ရှိသည့် ဇေယျာသိဒ္ဓိရုပ်ပွားတော်မြတ်ကြီးကိုပဲ ဖြစ်ပါသည်။ ၁၉၉၈ ခုနှစ် ကျောင်းသားအားကစားပွဲတော်တွင် နယ်စပ်/ စည်ပင်ဝန်ကြီးဌာန ပြခန်းတာဝန်များကို ထမ်းဆောင်ရင်း ရုန်းတောင်ပေါ်သို့တက်၍ ပထမဆုံးအကြိမ် ဖူးမြော်ဖြစ်ခဲ့သည်။ ကျွန်တော် အမှတ်မမှားလျှင် ရာသီဥတုကလည်း ယခုလို ဖေဖော်ဝါရီလ အခါသမယပင် ဖြစ်နေ၍ တောင်ဇလပ်ပန်းနီနီတို့ လှပစွာ ပွင့်ဖူးနေချိန်မို့ ချင်းပြည်နယ်သို့ ပထမဆုံးအကြိမ် ရောက်ဖူးသော၊ တောင်ဇလပ်ပန်းဆိုတာကို ယခုမှမြင်ဖူးတွေ့ဖူးသော ကျွန်တော့်အတွက် ရုန်းတောင်သို့ အတက်ခရီးသည် မောပန်းသည်ဟုပင် မထင်ခဲ့မိ။

ရဲရဲနီစွေးနေသော တောင်ဇလပ်ပန်းတို့ကို ငေးရင်းမောရင်း တပည့်များနှင့်အတူ ရုန်းတောင်ထိပ်သို့ ရောက်ခဲ့သည်။ ထိုစဉ်က ကားလမ်းမရှိသေး၊ ခြေကျင်ခရီးဖြင့် နှင်ခဲ့ကြခြင်းဖြစ်၏။ ယင်းနောက်ပိုင်း နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းတာဝန်ဖြင့် ဟားခါးမြို့သို့ ရောက်တုန်းရောက်ခိုက် ရုန်းတောင်ပေါ်သို့ တစ်ခေါက်ရောက်ခဲ့သေး၏။ ထိုအချိန်တွင်မတော့ တောင်ပေါ်သို့ ကားလမ်းပေါက်နေပေပြီ။ ရုန်းတောင်ပေါ်တွင် ပဋ္ဌဝင်္ဂငါးဦးအား တရားဟောနေဟန် တည်ထားသည့် ဇေယျာသိဒ္ဓိရုပ်ပွားတော်ကြီးအပြင် တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ရုပ်တု၊ မပုပ်မသိုး ဖူးမြော်တွေ့ရှိနေရသည့် ခွာရုံကျောင်းတိုက်ဆရာတော်ကြီး ဘဒ္ဒန္တ သီရိန္ဒ၏ ရုပ်ကလာပ်တော်တို့ ရှိနေပါသည်။ ထိုမှ ဘုရားကျောင်း စေတီသာသနိက အဆောက်အအုံများ တစ်စတစ်စ တိုးပွားလာကြောင်း သိရ၏။

**(၇၇) နှစ်မြောက် ချင်းအမျိုးသားနေ့သို့ ပေးပို့သောသဝဏ်လွှာ**

(၇၅) နှစ်မြောက်နှင့် (၇၆) နှစ်မြောက် ချင်းအမျိုးသားနေ့များသို့ ကျွန်တော် ရောက်ခဲ့၊ တက်ခဲ့၊ ပါဝင်ဆင်နွှဲခဲ့ဖူးပါပြီ။ ယခု (၇၇) နှစ်မြောက် ချင်းအမျိုးသားနေ့ကိုမူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သောအဖွဲ့နှင့်အတူ လိုက်ပါ ခွင့်ရခဲ့ခြင်း ဖြစ်၏။

အခမ်းအနားအစီအစဉ်အရ ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ကိုးမြို့နယ်ကို ကိုယ်စားပြုသော သဘာပတိအဖွဲ့ဝင်ကိုးဦးက စင်မြင့်ထက်တွင်နေရာယူကြပြီးနောက် နိုင်ငံတော်အလံအား အလေးပြုကြပါသည်။ ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၇) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ဖတ်ကြားသည်။

ပေးပို့သည့်သဝဏ်လွှာတွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းစဉ်တစ်လျှောက် ချင်းတိုင်းရင်းသား မျိုးချစ်သူရဲကောင်းများက ပြည်ထောင်စုဖွား တိုင်းရင်းသားများနှင့်အတူ ဗြိတိသျှကိုလိုနီ နယ်ချဲ့တို့ကို ဆန့်ကျင်တွန်းလှန်တိုက်ခိုက်ခဲ့ကြသလို လွတ်လပ်ရေးရပြီး နိုင်ငံတော်တည်ဆောက်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့မှုများနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဂုဏ်ပြုဖော်ပြထားပါသည် -

"နိုင်ငံတော်၏ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းဖြစ်စဉ်တစ်လျှောက်လုံးနှင့် လွတ်လပ်ရေးရပြီး နိုင်ငံတော်တည်ဆောက်ချိန်များတွင်လည်း ချင်းတိုင်းရင်းသားတို့သည် ပြည်ထောင်စုဖွား တိုင်းရင်းသားများနှင့် အတူ ကျောချင်းကပ်၊ ရင်ချင်းအပ်ကာ လက်တွဲပါဝင်ခဲ့ကြပါသည်။ ဗြိတိသျှကိုလိုနီတို့၏ ကျူးကျော်သိမ်းပိုက်ခြင်းကို ခံခဲ့ရစဉ်က ချင်းတိုင်းရင်းသား ခေါင်းဆောင်များဖြစ်ကြသော ဗိုလ်ခိုင်ကမ်း၊ ဗိုလ်ကြွမ်ဘိခ်၊ ဗိုလ်လာလ်လွဲ၊ ဗိုလ်ထောင်လင်းတို့နှင့် ချင်းတိုင်းရင်းသားများသည် အခြားသော တိုင်းရင်းသားပြည်သူတို့နှင့်အတူ ရဲဝံ့စွန့်စားစွာဖြင့် ခုခံတော်လှန်ခဲ့ကြပါသည်။ လွတ်လပ်ရေးကြိုးပမ်းခဲ့စဉ် ကာလကလည်း ဦးထောင်ဇခုပ်၊ နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) ဦးကီးယိုမန်း၊ ဝဏ္ဏကျော်ထင် ဦးလှျုရ်မှုန်၊ သီရိပျံချီ ဦးထောင်ကျင်းထန်၊ လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) သတိုးမဟာစည်သူ ဦးဝမ္မသူးမောင်တို့သည် ရှပ်ရှပ်ချွံချွံ တိုက်ပွဲဝင်ခဲ့ကြသည်ကို တွေ့ရှိရပါသည်။

၁၉၄၇ ခုနှစ်၊ ၁၉၇၄ ခုနှစ်နှင့် ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲခဲ့စဉ် သုံးကြိမ်လုံး ပါဝင်ဆောင်ရွက်ခဲ့သည့် နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) သီရိပျံချီ ဦးထပ်လိုင်း၊ လွတ်လပ်ရေးရပြီးကာစ ပြည်တွင်းဆူပူသောင်းကျန်းမှုကို ချေမှုန်းတိုက်ခိုက်ခဲ့ကြသည့် ဒုတိယ ဗိုလ်မှူးကြီးဟရန်းထီးယို၊ ဒုတိယဗိုလ်မှူးကြီးလျန်ကျင့်ဇမ်း၊ ဗိုလ်ကြီး သူရအောင်ဆန်းသူရိယတိုက်ချွန်း၊ ဗိုလ်မှူးကြီး ဇေယျာကျော်ထင်ဗန်ကူး၊ နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်) ဗိုလ်ချုပ်ထောင်ဇာခိုင်တို့နှင့်အတူ ချင်းတိုင်းရင်းသားများသည် နိုင်ငံတော်အတွက် ကျရာတာဝန် အသီးသီးကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြပါသည်။"

ကျွန်တော်ငယ်စဉ်က နေထိုင်ပညာသင်ကြားခဲ့ဖူးသော ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာကို စတင်တည်ထောင် တော်မူခဲ့သည့် ဆရာတော်ကြီး ဘဒ္ဒန္တပညာလောကသည် နယ်ချဲ့ဆန့်ကျင်ရေးကာလတွင် သခင်ပညာလောက ဘွဲ့အမည်ခံ၍ နယ်ချဲ့ဆန့်ကျင်ရေးတရားများ ဟောကြားခဲ့သဖြင့် အင်္ဂလိပ်အစိုးရက ထောင်သုံးခါချခြင်းခံရပြီး ထောင်ထဲမှာ ဦးဝမ္မသူးမောင်တို့နှင့်အတူ နေခဲ့ရကြောင်း မကြာခဏ မိန့်ကြားခဲ့ဖူးပါသည်။ နိုင်ငံတော်အကြီးအကဲထံမှ ပေးပို့သောသဝဏ်လွှာတွင် လက်နက်ကိုင် အကြမ်းဖက်မှုများ၏ ဆိုးကျိုးကို သတိမူမိစေရန်နှင့် ဒေသတည်ငြိမ်အေးချမ်းစေရန်တို့အတွက် ချင်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ကြရေး အောက်ပါအတိုင်း ဖော်ပြထားပါသည်-

လက်နက်ကိုင်အကြမ်းဖက်မှုများ၏ ဆိုးကျိုးကို လက်တွေ့ခံစားနေရသည်မှာ ဒေသခံတိုင်းရင်းသား ပြည်သူများပင် ဖြစ်ပါသည်။ ထိခိုက်ဆုံးရှုံးမှုမှန်သမျှမှာလည်း နိုင်ငံတော်၏ အရင်းအမြစ်နှင့် အခြေခံအဆောက်အအုံများပင် ဖြစ်ပါသည်။ တိုးတက်ဖွံ့ဖြိုးမှုအရှိန်အဟုန်ရရှိနေသည့်အခြေအနေမှ ယခုကဲ့သို့ မဆင်မခြင်လုပ်ရပ်များကြောင့် ပျက်စီးဆုံးရှုံးရခြင်းမှာ နိုင်ငံ၏ အင်အားကို လျော့ပါးစေပြီး မူလအခြေအနေ ပြန်လည်ရောက်ရှိအောင် အကုန်အကျများစွာနှင့် အချိန်ယူ တည်ဆောက်ကြရမည် ဖြစ်ပါသည်။

*စာမျက်နှာ ၇ သို့*



၁၉၉၈ ခုနှစ်က ကျွန်တော်မြင်ဖူးခဲ့သော ဆေးရုံဟောင်း အဆောက်အအုံလေးနှင့် ယနေ့ ဆေးရုံသစ်ကြီးကို တွဲ၍ ဤသို့ မြင်တွေ့ခဲ့ပါ၏ ။ (၂၀-၂-၂၀၂၅)

*စာမျက်နှာ ၆ မှ*

**ထိုကဲ့သို့ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေကြရသည့်ဝန်ထမ်းများနှင့် ပြည်သူများကို နိုင်ငံတော်က ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်ရန် စီစဉ်ဆောင်ရွက်ပေးလျက် ရှိပါသည်။ ထို့ကြောင့် နိုင်ငံနှင့် ပြည်သူအတွက် ဆိုးကျိုးများကိုဖြစ်ပေါ်စေသည့် ဆူပူအကြမ်းဖက် တိုက်ခိုက်မှုများ ပပျောက်စေပြီး တည်ငြိမ်အေးချမ်းမှုရရှိစေရန် ချင်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူများက အားလုံးပူးပေါင်းပါဝင်ကြရန် တိုက်တွန်းလိုပါသည်။**

ထို့ပြင်တဝ ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ကူညီပံ့ပိုးပေးမည့် အခြေအနေများကိုလည်း အောက်ပါအတိုင်း ဖော်ပြထားပါသည် -

**ဒေသအလိုက် စိုက်ပျိုးရေးထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ပြီး ဒေသနှင့်ကိုက်ညီသည့် စနစ်ကျနသော မွေးမြူရေးလုပ်ငန်းများကိုလည်း ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ဒေသတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကုန်ပစ္စည်းများမှသည် အရည်အသွေးပြည့်မီသော MSME ထုတ်ကုန်များအဖြစ် ပိုမိုတိုးမြှင့်ထုတ်လုပ်ကြရန်နှင့် ဒေသတွင်း စားသုံးမှုဖူလုံရေး၊ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးနှင့် ပြည်ပပို့ကုန် တိုးမြှင့်နိုင်ရေး အထိပါ ကြိုးစားဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုပါသည်။ လိုအပ်သည့်နည်းပညာ၊ အရင်းအနှီးနှင့် ကုန်ထုတ်သွင်းအားစုတို့ကိုလည်း နိုင်ငံတော်က ပံ့ပိုးပေးလျက်ရှိသကဲ့သို့ ဆက်လက်၍လည်း အားပေးကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။**

**ကျွန်တော်ချစ်သော ချင်းတို့ဌာနီတောင်ဇလပ်မြေ**

ချင်းပြည်နယ်အတွင်း မြောက်ပိုင်းမြို့နယ်များနှင့် တောင်ပိုင်းမြို့နယ်များဟူ၍ ခေါ်ဝေါ်နေကြပေရာ ကျွန်တော် နတလဝန်ထမ်းဘဝက မြောက်ပိုင်းမြို့နယ်များသို့ အားလုံးရောက်ခဲ့သည်။ တောင်ပိုင်းဒေသများဖြစ်သော ကန်ပက်လက်၊ မတူပီ၊ မင်းတပ်နှင့် ပလက်ဝမြို့နယ်များသို့ မရောက်ဖြစ်ခဲ့ပါ။

တီးတိန်မြို့သို့ အသွားခရီး၌လည်း ဤနေရာတွင် မြောက်ယဉ်စွန်းတန်းဖြတ်သည်ဆိုသော နေရာမှာထိုင်ပြီး အမှတ်တရဓာတ်ပုံ ရိုက်ခဲ့ကြဖူးသည်။ တွန်းဇံမြို့လေးမှာ ညအိပ်ရပ်နားခဲ့ပြီး နံနက်မိုးလင်းလို့ ထကြည့်သောအခါ မြို့၏အချို့နေရာများသည် တိမ်စိုင်တိမ်ခဲများ ဖုံးအုပ်နေသောကြောင့် တိမ်ပင်လယ်ထဲသို့ ရောက်နေဘိအလား ထင်မှတ် မှားခဲ့ရသည်။ ဖလမ်းမြို့လေးကို ရောက်တုန်းရောက်ခိုက်မှာလည်း မြို့မိမြို့ဖများ၏ တင်ပြတောင်းဆိုမှုကြောင့် ဖလမ်းမှ စစ်ကိုင်းတိုင်းဒေသကြီးထဲကို ဦးတည်သည့် လမ်းတစ်လမ်း ဖောက်လုပ်ပေးခဲ့သည်ကို အမှတ်ရမိပါသည်။

ချင်းပြည်နယ်ထဲမှာ အခြားသောအလှအပများဖြစ်ကြသည့် အသည်းနှလုံးပုံသဏ္ဌာန် ရိဒ်ရေကန်၊ ဘုံတလာရေတံခွန်၊ နတ်မတောင်နှင့် ခေါနူးစုမ်တောင်တို့ ရှိနေသလို ကုလားတန်မြစ်၊ ဘွေနူးမြစ်တို့၏ သာယာလှပမှုများကိုလည်း တွေ့မြင် ခံစားကြရမည်ဖြစ်သည်။

**ရိုးရာယဉ်ကျေးမှုအကများနှင့် ဖျော်ဖြေတင်ဆက်**

(၇၇) နှစ်မြောက် ချင်းအမျိုးသားနေ့ကို ဂုဏ်ပြုသောအားဖြင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်ကိုးမြို့နယ်ကို ကိုယ်စားပြုလျက် ရိုးရာယဉ်ကျေးမှုအကများနှင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ ပထမဦးစွာ တွန်းဇံမြို့နယ်ကိုယ်စားပြု အကအဖွဲ့၏ "မြောတီးအက" ကို ကြည့်ရှုခဲ့ရသည်။ ရှေးခေတ်ဘိုးဘွားများလက်ထက်ကတည်းက ရိုးရာမြောများတီး၍ အောင်ပွဲခံခဲ့ကြသော အကဖြစ်သည်။ ထို့နောက် ဟားခါးမြို့နယ် ကိုယ်စားပြုအဖွဲ့က တင်ဆက်သွားသည့် "ကြည်နူးဖွယ်ကောင်းသော ချင်းတို့ဌာနေ" အကကို အားပေးကြည့်ရှုခဲ့ရသည်။

တေးရေးတေးဆို မည်သူတွေမှန်း မသိရသော်လည်း အသံကောင်းသလို သံစဉ်ကလည်း မြူးကြွနေသည်ကို သတိထားမိသည်။ ချောစုခင်၊ ဇမ်နူးတို့နောက်မှာ ချင်းတိုင်းရင်းသူတေးသံရှင်တွေ အများကြီး ပေါ်ထွက်နေပြီဖြစ်သည်။ ဟားခါးတက္ကသိုလ် အနေဖြင့်လည်း ဒုတိယပါမောက္ခချုပ် ဒေါက်တာနွယ်သင်းနီ၏ အစီအစဉ်ပေပဲလားမသိ၊ ကျောင်းသားကျောင်းသူလေးများ၏ စုပေါင်းအကဖြင့် ချင်း



(၇၇) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ တက်ရောက်လာကြသော သမ/ကျေးလက်ဝန်ကြီးဌာန ဝန်ထမ်းများနှင့် စာရေးသူတို့ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ခဲ့စဉ် ။ (၂၀-၂-၂၀၂၅)

မြောက်ပိုင်းဒေသထဲမှာပါဝင်သည့် မြို့ရွာများအနက် ဟားခါးမြို့နှင့်အနီးဆုံးမှာ ထန်တလန်ဖြစ်သည်။ ထန်တလန်သို့ မရောက်မီ လမ်းမှာ ဖြတ်သွားရသည့် သီးမြစ်(တီးမစ်)ချိုင့်ဝှမ်းလေးကို လှပသောသဘာဝ ပန်းချီကားချပ် တစ်ခုပမာ ခံစားကြည့်ရှုခဲ့ရသည်။

လွန်ခဲ့သည့်နှစ်ပေါင်း ၂၀ ကျော်ခန့်ကတည်းက ရန်ကုန်မြို့ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်ကြီးရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြခန်းမှာ ပန်းချီဆရာကိုကျော်ဝေ လက်စွမ်းပြရေးဆွဲထားသော တီးမစ်ချိုင့်ဝှမ်းပုံ ပန်းချီကားအား လှေကားအတက်အဆင်းဘေးတွင် ချိတ်ဆွဲပြသထားသည်ဖြစ်ရာ တက်တစ်ခါ ဆင်းတစ်ခါ ငေးမောကြည့်ရှုခံစားခဲ့ဖူးသည်။

ပြည်နယ်ကို ပန်းလိုတစ်မျိုး၊ ကြယ်နှင့်လလို တစ်ဖုံ တင်စားပုံဖော်သွားပြီးဘိုးဘွားမိဘများ၏ စိတ်ထားမွန်မြတ်မှုကို နှောင်းလူတို့ အတုယူကြရန် ဖော်ကျူးကပြသွားသေးသည်။

အလားတူပင် တီးတိန်မြို့နယ် ကိုယ်စားပြု အကအဖွဲ့က **"မွေးရပ်မြေ"** သီချင်းဖြင့် ရင်းနှီးချစ်ကြည်စွာ အတူတကွ စိုက်ပျိုးစားသောက်ကြပုံ၊ မေတ္တာထားကြပုံ၊ စည်းလုံးညီညွတ်ကြပုံကို ဖော်ထုတ်ပြသသွားကြသည်။ မင်းတပ်မြို့နယ် ကိုယ်စားပြုအဖွဲ့၏ ချစ်ခြင်းမေတ္တာငြိမ်းချမ်းရေး ပန်းပွင့်များက ပို၍သင်းပျံ့မွှေးထုံပါကြောင်း၊ ချမ်းရင်မီးလှုံ ပူရင်အရိပ်ခိုပြီး ရေကြည်ရေအေး လာရောက်သောက်လှည့်ဖို့ ချင်းပြည်နယ်အမျိုးသားနေ့က ကြိုဆိုဖိတ်ခေါ်ပါကြောင်း ဖိတ်မန္တကပြထားသော သီချင်းနှင့်အကကိုလည်း တွေ့မြင်ခဲ့ရသည်။

ကန်ပက်လက် မြို့နယ်ကိုယ်စားပြု အကအဖွဲ့၏ သီချင်းနာမည်က **"ဒါးရင်ဒူး"** ဟူ၍ ဖြစ်သည်။ သစ်ခွပန်းတွေပေါ်များတဲ့ ငါတို့အရပ်ဒေသက လူငယ်လူရွယ်များ အလုပ်ကြိုးစားလုပ်ကြရင်း ရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြံဆောင်ကြပါစို့ဟု တိုက်တွန်းထားသော အကဖြစ်သည်။ ထန်တလန်မြို့နယ်ကမူ "ကောက်ရိတ်သိမ်းပွဲတော်အက" (RawL sawm tuk) ဟု အမည်ပေးထားပြီး စိတ်တူကိုယ်တူ ဝမ်းစာရှာဖွေ၍ ရရှိလာသော အသီးအပွင့်များကို ခံစားရချိန်မှာ အောင်ပွဲခံကြသည့် အကဖြစ်ပါသည်။

မတူပီမြို့နယ်အကအဖွဲ့က **"အိမ်ဝိုင်းအက"** (O Do La) ဖြင့် တင်ဆက်ဖျော်ဖြေသွားကြသည်။ အောင်ပွဲရချိန်မှာ တောထဲက ချေငယ်လေးတွေလို၊ အိမ်မွေးဝက်ကလေးများလို၊ ကြက်မိသားစုတွေလို ပြေးလွှားမြူးတူးဆော့ကစားနေကြပုံဖြင့် ခိုင်းနှိုင်းကပြသွားခြင်းဖြစ်ပါသည်။ ဖလမ်းမြို့နယ်ကိုယ်စားပြု အကအဖွဲ့၏ သီချင်းနာမည်က **"ချင်းနှလုံးသားအလှ"** (Chin Nun Mawi) ဖြစ်သည်။ ဇာညှက်မျိုးနွယ်စု ချင်းရိုးရာဝတ်စုံများဖြင့် ချင်းအမျိုးသားနေ့ကို ဂုဏ်ပြုကပြ သွားကြသည်။ ပလက်ဝမြို့နယ်ကိုယ်စားပြုအကအဖွဲ့၏ **"ထာဝရငြိမ်းချမ်းပါစေ"** (Kupe La Sah Sinal) သီချင်းနှင့်အကသည် ကီမိုတောင်တန်းပေါ်မှာ သဇင်ပန်း၊ တောင်စိုပန်းများ လှပစွာဖူးပွင့်နေကြပြီး ကျေးငှက်သာရကာ စုံလင်စွာဖြင့် သဘာဝ အလှတရားကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းဖို့ ဝိုင်းဝန်းထိန်းသိမ်းကြရန်လိုကြောင်း ဖော်ကျူး ထားသော အကဖြစ်သည်။

**ဒေသဖွံ့ဖြိုးရေး ကူညီပေးမည်**

ချင်းပြည်နယ်ကို ခရိုင်ခြောက်ခရိုင်၊ မြို့နယ်ကိုးမြို့နယ်တို့ဖြင့် ဖွဲ့စည်းထားပြီး လူဦးရေအားဖြင့် ၅၇၈၉၀၄ ဦး ရှိနေပေရာ ပလက်ဝနှင့် တီးတိန်မြို့နယ်များပြီးလျှင် ဟားခါးမြို့နယ်သည် လူဦးရေ ၇၅၀၀၀ ကျော် မှီတင်းနေထိုင်လျက် တတိယလူနေအထူထပ်ဆုံးဖြစ်ခဲ့သည်။ ချင်းပြည်နယ်၏ လတ်တလောအခြေ အနေအရ ဟားခါးမြို့နယ်နှင့် တီးတိန်မြို့နယ်တွင် အုပ်ချုပ်ရေးယန္တရားနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ဆောင်ရွက်ပေးနေပါသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းအား ဟားခါးမြို့မိမြို့ဖများက တွေ့ဆုံရာတွင် '၀'ဥ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖြစ်ထွန်းအောင်မြင်အောင် ကူညီ ပံ့ပိုးပေးရေး၊ ထွက်ရှိလာသော သီးနှံများရိတ်သိမ်းရန် ကုန်ထုတ်လမ်းဖောက်လုပ်ပေးရေးတင်ပြခဲ့ရာ ကျွန်တော်တို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက စိုက်ပျိုးရေးအတွက်လည်း ကူညီမည်။ တောင်းဆိုသည့်နေရာများတွင် ကုန်ထုတ်လမ်းများလည်း ဖောက်လုပ်ပေးမည်။ ဒေသတည်ငြိမ်အေးချမ်းရေးကိုသာ ကူညီဆောင်ရွက်ပေးကြရန် ပြန်လည်ရှင်းလင်းပြောကြားခဲ့ပါသည်။

**ဟားခါးဒေသ၏ ပညာရေးနှင့် ကျန်းမာရေး**

ချင်းပြည်နယ်၏ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်မှုကို လေ့လာကြည့်သောအခါ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွင်း တစ်နှစ်ထက်တစ်နှစ် အောင်ချက် ရာခိုင်နှုန်း မြင့်မားလာသည်ကို တွေ့ရသည်။ ဟားခါးတက္ကသိုလ်ကိုလည်း အခက်အခဲအမျိုးမျိုးကြားမှ ပညာသင်နှစ်အလိုက် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ နယ်မြေဒေသ တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ဒေသအသီးသီးမှ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဒေသခံတိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းတွင် ဟားခါးမြို့ရှိ ခုတင် (၂၀၀) ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက်နေသူများကို တွေ့ဆုံအားပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။ ဆရာဝန် ဆရာမများနှင့်လည်း တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ကုသရေးဆိုင်ရာ စက်ပစ္စည်းကိရိယာများ ဖြည့်တင်းပေးရေး၊ ဆရာဝန်သူနာပြုများ ဖြည့်တင်းပေးရေး အပြင် ဆေးရုံအဆင့်မြှင့်တင်ပေးရေးကိစ္စရပ်များကိုပါ ညှိနှိုင်းမှာကြားခဲ့ပါသည်။ ၁၉၉၈ ခုနှစ် ကျွန်တော် ဟားခါးမြို့ကို စတင်ရောက်ဖူးခဲ့စဉ်က မြင်ခဲ့ဖူးသည့် ပြည်သူ့ဆေးရုံအဆောက်အအုံများထဲမှ တစ်ဆောင်တည်းသာကျန်တော့သော အုတ်တိုက်နီနီလေးကို အမှတ်တရ ကြည့်လိုက်မိသေး၏။

**ငြိမ်းချမ်းခြင်းသည်သာ အလိုအပ်ဆုံးအရာ**

ချင်းပြည်နယ်အတွင်း မှီတင်းနေထိုင်လျက်ရှိကြသော ဒေသခံတိုင်းရင်းသားအားလုံးအတွက် အလိုအပ်ဆုံးအရာသည် နယ်မြေတည်ငြိမ်အေးချမ်းရေးပဲ ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဟားခါးနှင့် တီးတိန်မြို့နယ်များအပြင် အခြားမြို့နယ် ခုနစ်မြို့နယ်တွင်လည်း ထဲထဲဝင်ဝင် ဆောင်ရွက်ပေးနိုင်မှသာ ချင်းပြည်နယ်တစ်ခုလုံး တောင်ဇလပ်ပန်းရနံ့များ ပို၍ သင်းပျံ့မွှေးထုံလာမည်ဟု ကျွန်တော် အလေးအနက် ယုံကြည်မိပါသည်။ ကျွန်တော်ချစ်သော တောင်ဇလပ်မြေ အစဉ်ထာဝရ တည်ငြိမ်အေးချမ်းပါစေ၊ သာယာလှပသော၊ ဖွံ့ဖြိုးတိုးတက်သော ချင်းပြည်နယ်အဖြစ် ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်နိုင်ကြပါစေ။ ။

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၅) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၅)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန နေပြည်တော်ဗဟိုသင်တန်းကျောင်း၌ ကျင်းပသည်။**

အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

**ဘာသာရပ် ၁၁ မျိုး ပို့ချသွားမည်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနတွင် တာဝန် ထမ်းဆောင်နေသော ဝန်ထမ်းများအနေဖြင့် ဥပဒေ သဘောတရားများ သိရှိနားလည်ပြီး ဥပဒေကို လေးစားလိုက်နာသော နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်လာစေရန်၊ လုပ်ငန်းအလိုက် ချမှတ်ပြဋ္ဌာန်းထားသည့် ဥပဒေအသိပညာများကိုလည်း သိရှိရန်လိုအပ်သလို သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်များတွင်လည်း လက်တွေ့သိရှိလိုက်နာကျင့်သုံးနိုင်ခြင်းဖြင့် ပေးအပ်သောတာဝန်များကို နည်းလမ်းမှန်ကန်စွာ စွမ်းဆောင်ရည်မြင့်မားစွာဖြင့် ကျေပွန်စွာ တာဝန်ထမ်းဆောင်နိုင်သည့် အရည်အသွေးများ ရရှိလာနိုင်ရေးအတွက် ရည်ရွယ်ပြီး ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ “ဥပဒေကို မသိ၍ ပြစ်မှုကျူးလွန်ခဲ့သည်” ဆိုသော အဖြစ်မျိုး မဖြစ်စေရေးအတွက် နိုင်ငံသားတိုင်း ဥပဒေနှင့် စပ်လျဉ်းသည့် အသိပညာဗဟုသုတရှိစေရန် လိုအပ်သည့်အတွက် အခြေခံအားဖြင့် သိသင့်သိထိုက်သော ဥပဒေများ၏ သတ်မှတ်ပြဋ္ဌာန်းချက်များကို မှတ်သားသိရှိနေရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ယခုသင်တန်းတွင် လျှပ်စစ်ဥပဒေ အပါအဝင်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ မိမိတို့ဝန်ကြီးဌာန လုပ်ငန်းများနှင့် ဆက်နွှယ်နေသော မြေယာဆိုင်ရာဥပဒေများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ မူဝါဒနှင့် မဟာဗျူဟာများနှင့် ဥပဒေမူကြမ်းရေးဆွဲခြင်း စသည်တို့အပါအဝင် ဘာသာရပ် ၁၁ မျိုးကို အသိပညာပြန့်ပွားစေရေး သင်ကြားပို့ချသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။



လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၅) ကို ဖေဖော်ဝါရီ ၂၄ ရက် မှ မတ် ၇ ရက်အထိ သင်တန်းသား ၂၅ ဦးဖြင့် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ (၂၀၂၄)ဖြင့် ဆောင်ရွက်သည့် “မဲခေါင် - လန်ချန်း ယဉ်ကျေးမှုအစီအစဉ်(၂၀၂၄) မြန်မာနိုင်ငံ” ဖွင့်ပွဲအခမ်းအနားကျင်းပ

**ညောင်ဦး ဖေဖော်ဝါရီ ၂၄**

မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၄) အစီအစဉ်ဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) က ဆောင်ရွက်သည့် “မဲခေါင်– လန်ချန်း ယဉ်ကျေးမှုအစီအစဉ် (၂၀၂၄) မြန်မာနိုင်ငံ” အစီအစဉ် ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ပုဂံမြို့ရှိ Royal Palace Hotel ၌ ကျင်းပသည်။



ဖွင့်ပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Ms. Ma Jia နှင့် သံရုံးအဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မဲခေါင် – လန်ချန်း အဖွဲ့ဝင်နိုင်ငံများမှ ပန်းချီပညာရှင်များ၊ မြန်မာနိုင်ငံ ရိုးရာပန်းချီပညာရှင်များ အစည်းအရုံးမှ ပန်းချီပညာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံက ၂၀၁၆ ခုနှစ်တွင် “မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ (Lancang – Mekong Coopera–tion LMC)” ကို စတင်ထူထောင်ခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများသည် စီးပွားရေး၊ လူမှုရေးအပါအဝင် ကဏ္ဍစုံနှင့် ယဉ်ကျေးမှုဆိုင်ရာ အတူတကွပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များကို ဆောင်ရွက်ခဲ့ကြပါကြောင်း။

ယခု အစီအစဉ်သည် ယဉ်ကျေးမှု အမွေအနှစ်တစ်ခုဖြစ်သော ရိုးရာပန်းချီကားများကို မိမိတို့လူမျိုးတို့၏ ရိုးရာအတိုင်း ရေးဆွဲရေး၊ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် မြှင့်တင်နိုင်စေရေးတို့အတွက် မဲခေါင်ဒေသတွင်း ခြောက်နိုင်ငံမှ လူငယ်များအား ဖိတ်ခေါ်၍ ကျင်းပရခြင်းဖြစ်ပြီး Let's Preserve Mekong–Lancang Cultural Heritage “မဲခေါင် – လန်ချန်း ယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ်းကြပါစို့” ဟူသော ဦးတည်ချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ပုဂံမြို့သည် မဲခေါင် – လန်ချန်း ဒေသတွင်း ရှိရှေးဟောင်းယဉ်ကျေးမှုမြို့တော်တစ်ခုဖြစ်ပြီး မဲခေါင်ဒေသတွင်း နိုင်ငံများနှင့် ရင်းနှီးစွာ ဆက်ဆံမှုကြာမြင့်ခဲ့သည့် ယဉ်ကျေးမှုမြို့တော်ဖြစ်သည့်အတွက် ယခုအစီအစဉ်ကို ပုဂံမြို့တွင် ပြုလုပ်ရခြင်းသည် အနှစ်သာရ ပိုမိုပြည့်ဝမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် တရုတ်သံအမတ်ကြီးက နှုတ်ခွန်းဆက်စကား ပြောကြားပြီး မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ညှိနှိုင်းရေးအဖွဲ့(မြန်မာ) ဒုတိယဥက္ကဋ္ဌက Video Conferencing စနစ်ဖြင့် နှုတ်ခွန်းဆက်စကား ပြောကြားကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

မဲခေါင် – လန်ချန်းယဉ်ကျေးမှု အစီအစဉ်ကို ဖေဖော်ဝါရီ ၂၂ ရက်မှ ဖေဖော်ဝါရီ ၂၈ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ပြီး အဆိုပါအစီအစဉ်အရ ဒေသတွင်းနိုင်ငံများမှ ပန်းချီပညာရှင်များသည် ပုဂံယဉ်ကျေးမှုနယ်မြေ၌ လက်တွေ့ကွင်းဆင်း ပန်းချီများဖန်တီးခြင်း၊ ရိုးရာပန်းချီအနုပညာဆိုင်ရာ စာတမ်းဖတ်ကြားခြင်း၊ ပန်းချီအနုပညာပြပွဲ ခင်းကျင်းပြသခြင်း၊ ယဉ်ကျေးမှုလေ့လာရေးခရီးစဉ် သွားရောက်ခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်သည်။

ယမန်နေ့ကလည်း ဒုတိယဝန်ကြီးသည် ရွှေစည်းခုံစေတီတော်ဂေါပကရုံး၌ ကျင်းပခဲ့သည့် ရွှေစည်းခုံစေတီတော် ပြုပြင်ထိန်းသိမ်းရေး ဘက်စုံလွှမ်းခြုံသော အစီအစဉ် (Master Plan) ရေးဆွဲနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက လုပ်ငန်းစဉ်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ လုပ်ငန်းများအောင်မြင်ရေး ပေါင်းစပ်ညှိနှိုင်းကြရန် မှာကြားခဲ့ပြီး စေတီတော်ရင်ပြင်တော်ပေါ်ရှိ သာသနိကအဆောက်အဦများနှင့် အရှေ့ဘက်စောင်းတန်းတစ်လျှောက်ရှိ ဈေးဆိုင်တန်းများ နေရာချထားမည့် လျာထားနေရာများနှင့် ယာဉ်ရပ်နားရန် သတ်မှတ်နေရာတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် မဲခေါင်ဒေသတွင်းနိုင်ငံများမှ ပန်းချီပညာရှင်များ Outdoor Painting ရေးဆွဲနေသည့် ဘုရားသုံးဆူဘုရားသို့ သွားရောက်၍ ပန်းချီကားများ ဖန်တီးရေးဆွဲနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရုံးသုံးမြန်မာစာရေးနည်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာထမ်းများအတွက် ရုံးသုံးမြန်မာစာရေးနည်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့တွင် နေပြည်တော်ရှိနိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ကျင်းပရာ နေပြည်တော်ရှိ အရာထမ်းများ တက်ရောက်ကြပြီး ပြည်ပရှိ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများရှိ အရာထမ်းများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို ရုံးစာပုံစံများအလိုက် ရည်ရွယ်သော အကြောင်းအရာပေါ်မူတည်လျက် ကျစ်လျစ်တိကျသော၊ ရှင်းလင်းပြတ်သားသော ရုံးသုံးစာကို ကျွမ်းကျင်စွာ ရေးသားနိုင်ရန်၊ ဘာသာစကားအသိ (Language Awareness)ကို မြှင့်တင်ပေး၍ မှန်ကန်သော စာအရေးအသားဖြစ်စေရန်၊ ဝန်ထမ်းများ၏ ရုံးသုံးမြန်မာစာအရေးအသား စွမ်းရည် တိုးတက်စေလျက် ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန့်စင်အေးက သုံးရက်တာ ဆွေးနွေးပို့ချသွားမည်ဖြစ်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ပရှိ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများမှ အရာထမ်း စုစုပေါင်း ၃၈၂ ဦး ပါဝင်တက်ရောက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလုပ်ငန်း စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလို




နေပြည်တော် ဖေဖော်ဝါရီ ၂၄

**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနရုံး၌ တိုင်းဒေသကြီးအတွင်းမှ ဌာနဝန်ထမ်းများနှင့် တွေ့ဆုံသည်။** (ယာပုံ)

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည့် ကဏ္ဍကြီးများတွင် ခရီးသွားလုပ်ငန်းသည် ကဏ္ဍတစ်ခုအဖြစ်ပါဝင်နေသည့်အတွက် ဝန်ထမ်းများက အလေးထားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် အစိုးရ – ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေးကို အားပေးမြှင့်တင်ပြီး ပြည်သူ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ ကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်အောင် ကြိုးစားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာဝန်ခံညွှန်ကြားရေးမှူးက တိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု၊ ခရီးသွားဧည့်သည်ရောက်ရှိမှု၊ လုပ်ငန်းလိုင်စင်များ ခွင့်ပြုပေးထားမှု၊ သင်တန်းများ ဖွင့်လှစ်ပို့ချပေးနေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ရန်ကုန်မြို့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (CTD) ရှိ သင်တန်းခန်းမများ၊ သင်ထောက်ကူပစ္စည်းများထားရှိမှု၊ သက်မွေးပညာသင်တန်းများ ဖွင့်လှစ်ပို့ချပေးနေမှုနှင့် မကြာမီဖွင့်လှစ်မည့် တရုတ်အစားအစာချက်ပြုတ်နည်းသင်တန်းဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အင်လျားလိတ်ဟိုတယ်၌ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်များနှင့် တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းတိုးတက်ရေး ဆောင်ရွက်ရာတွင် မူဝါဒများကို ချမှတ်ပေးပြီး ပုဂ္ဂလိက ကဏ္ဍကသာ အဓိကထား အကောင်အထည်ဖော် ဆောင်ရွက်ရပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းများ အောင်မြင်တိုးတက်ရန် လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းခရီးသွားလုပ်ငန်းသာမက ပြည်ပခရီးသွားလုပ်ငန်းတိုးတက်ရေးအတွက်ကိုပါ အလေးထားသည့်အတွက် အသင်းအဖွဲ့များနှင့် လုပ်ငန်းလုပ်ကိုင်သူများက ပြည်ပခရီးသွားများ ပိုမိုဝင်ရောက်လာရေးကို အလေးထားဆောင်ရွက်သွားကြစေလိုပါကြောင်း၊ မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလုပ်ငန်း စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှဥက္ကဋ္ဌများ၊ တာဝန်ရှိသူများက အသင်းလိုက် ကော်မတီများ ဖွဲ့စည်းထားရှိမှု၊ ခရီးသွားဈေးကွက်ရရှိရေးအတွက် မြှင့်တင်ဆောင်ရွက်နေမှု၊ ပြည်တွင်း/ပြည်ပခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မန္တလေးပြည်သူ့ဆေးရုံကြီး၌ (၈၃)ကြိမ်မြောက် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု အောင်မြင်စွာဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ကျန်းမာရေး ဝန်ကြီးဌာနသည် ပြည်သူများလိုအပ်သော နိုင်ငံတကာအဆင့်မီ ကုသမှုများကို ပြည်တွင်း၌ လက်လှမ်းမီ ရရှိနိုင်ခြင်းဖြင့် ပြည်သူများဆေးကုသမှုအတွက် စိုက်ထုတ်ကုန်ကျစရိတ် သက်သာစေရေးနှင့် ပြည်သူ့ဆေးရုံများ၏ ကုသမှုအရည်အသွေး တိုးတက်စေရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ မန္တလေးပြည်သူ့ဆေးရုံကြီး၌ (၈၃)ကြိမ်မြောက် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုကို ဖေဖော်ဝါရီ ၂၀ ရက်က အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

အဆိုပါကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် နေထိုင်သူ အသက် (၂၆)နှစ်ရှိ အမျိုးသားလူနာနှင့် ဇနီးဖြစ်သူ အသက် (၂၆)နှစ် ကျောက်ကပ်အလှူရှင်တို့အား ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး ခွဲစိတ်ကုသမှုကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉နာရီ ၂၂ မိနစ်တွင် စတင်ဆောင်ရွက်ခဲ့ကာ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ဆောင်ရွက်ပြီးစီးသည်။

ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုဆောင်ရွက်ခဲ့သော လူနာနှင့် ကျောက်ကပ်အလှူရှင်တို့၏ ခွဲစိတ်ပြီး ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများက လိုအပ်သော ပြုစုကုသမှုများကို အနီးကပ်ဆက်လက် ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုကို ပါမောက္ခ ဒေါက်တာ ကိုကိုနိုင်နှင့် ပါမောက္ခ ဒေါက်တာ ဝင်းဝင်းလှိုင်တို့ ဦးဆောင်သော ဆီးနှင့်ကျောက်ကပ်ဆေးကုသမှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ပါမောက္ခဒေါက်တာလမင်းဝင်းနှင့် ပါမောက္ခ ဒေါက်တာကျော်စိုးကျော်တို့ ဦးဆောင်သော ဆီးနှင့် ကျောက်ကပ် ခွဲစိတ်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ပါမောက္ခဒေါက်တာ ဝင်းဝင်းကျော်နှင့် အထူးကုဆရာဝန်ကြီး ဒေါက်တာသတိုးသိန်းဇံတို့ ဦးဆောင်သော နှလုံးနှင့် သွေးကြောခွဲစိတ်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ပါမောက္ခ ဒေါက်တာ မိမိသော်နှင့် ပါမောက္ခဒေါက်တာ မူမူနိုင်တို့ ဦးဆောင်သော မေ့ဆေးပညာဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ဆေးတက္ကသိုလ် – မန္တလေး ပါမောက္ခချုပ် ပါမောက္ခဒေါက်တာ မျိုးသက်တင်နှင့် ပါမောက္ခ ဒေါက်တာ နီလာဝင်းတို့ ဦးဆောင်သော ရောဂါရှာဖွေရေးနှင့် သွေးနှင့်သွေးပစ္စည်းဆိုင်ရာ အထောက်အကူပြု လုပ်ငန်းအဖွဲ့၊ ပါမောက္ခ ဒေါက်တာသန္တာလွင် ဦးဆောင်သော ဓာတ်မှန်ပညာဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦးနှင့် ဆေးရုံစီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ သူနာပြုများအဖွဲ့၊ ကျွမ်းကျင်ဝန်ထမ်းများနှင့် အထောက်အကူပြု ဝန်ထမ်းများအားလုံး ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းသည် ယမန်နေ့ နံနက်ပိုင်းတွင် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ မန္တလေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများနှင့်အတူ မန္တလေးပြည်သူ့ဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်သို့သွားရောက်ကာ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု ခံယူခဲ့သော လူနာနှင့် ကျောက်ကပ်အလှူရှင်တို့ကို ကြည့်ရှုအားပေးပြီး အာဟာရပြည့်လက်ဆောင်ပစ္စည်းများပေးအပ်ကာ ခွဲစိတ်ကုသမှုတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော ပါမောက္ခ/အထူးကုဆရာဝန်ကြီးများကို တွေ့ဆုံနှုတ်ဆက်ဂုဏ်ပြုစကား ပြောကြားသည်။

မန္တလေးပြည်သူ့ဆေးရုံကြီး၌ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုကို ၂၀၁၁ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် မတ်လ၌ (၈၂)ကြိမ်မြောက်အဖြစ် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုဆောင်ရွက်ကာ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှုအခြေအနေများကြောင့် ယာယီရပ်နားခဲ့ရကာ ယခု (၈၃) ကြိမ်မြောက်အဖြစ် ပြန်လည်စတင်နိုင်ခဲ့ခြင်းဖြစ်သည်။

ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုများကို ပြည်သူ့ဆေးရုံများအနေဖြင့် အထူးကုဆေးရုံကြီး (ခုတင်- ၅၀၀) ရန်ကုန်၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) နှင့် မန္တလေးပြည်သူ့ဆေးရုံကြီးတို့၌ လည်းကောင်း၊ တပ်မတော်ဆေးရုံများအနေဖြင့် ရန်ကုန်ရှိ အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်-၁၀၀၀)၊ နေပြည်တော်ရှိ အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀)၊ ပြင်ဦးလွင်ရှိ အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀) နှင့် အောင်ပန်းရှိ အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)တို့၌လည်းကောင်း၊ ပုဂ္ဂလိက ဆေးရုံများအနေဖြင့် ရန်ကုန်ရှိ ပန်းလှိုင်ဆေးရုံနှင့် ကန်သာယာဆေးရုံတို့၌ လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**





# ရောဝတီတိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ခရိုင်အဆင့် ခန့်အပ်လွှာပေးအပ်

**ပုသိမ် ဖေဖော်ဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ခရိုင်အဆင့်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲ ၁ နာရီက ပုသိမ်မြို့(ဟိုတယ်နောင်ရိုး) ခန်းမ၌ ကျင်းပကြောင်း သိရသည်။

ဦးစွာ အခမ်းအနားတွင် ဗဟိုဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဗဟိုဥက္ကဋ္ဌ ဦးဝဏ္ဏက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဥက္ကဋ္ဌ ဦးမောင်မောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ အလုပ်အမှုဆောင်တာဝန်ရှိသူများထံ ခရိုင်အဆင့် ခန့်အပ်လွှာများကို ပေးအပ်သည်။ အခမ်းအနားသို့ ဗဟိုဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဧရာဝတီတိုင်းဒေသကြီး ဘာသာပေါင်းစုံအဖွဲ့ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ခရိုင်ဘာသာပေါင်းစုံအဖွဲ့ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# သမဝါယမအသင်းများက ဆီထွက်သီးနှံနေကြာ ပန်းတိုင်အထွက်တိုးရေး ဆောင်ရွက်

**ပြည် ဖေဖော်ဝါရီ ၂၄**

၂၀၂၄ – ၂၀၂၅ ဘဏ္ဍာနှစ်တွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ သမဝါယမအသင်းများမှ ရေဆင်းစပ်မျိုး-၁ နေကြာစိုက်ဧက ၂၀၀ စိုက်ပျိုးထားရှိသည်။ ပြည်မြို့နယ်သမဝါယမအသင်းစုမှ စံပြစိုက်ကွက်အနေဖြင့် ပေါင်းတလည်မြောင်းဆုံအုပ်စု မြောင်းဆုံကျေးရွာတွင် ရေဆင်းစပ်မျိုး-၁ နေကြာစိုက်ဧက ၁၀ ဧက ကို သီးသန့်စိုက်ပျိုးခဲ့သည်။

ပြည်မြို့နယ်သမဝါယမဦးစီးဌာနအနေဖြင့် အသင်းသားတောင်သူများ နေကြာသီးနှံစိုက်ပျိုးရာတွင် လိုအပ်သည့် သွင်းအားစုများ ဖြည့်သွင်းရေး၊ နည်းပညာအကူအညီများပေးရေး၊ နေကြာများဝတ်မှုန်ကူးချိန်တွင် အစေ့အဆန်အောင်မြင်စေရေးအတွက် ပျားလုပ်ငန်းဦးစီးဌာနနှင့် ချိတ်ဆက်၍ အချိန်မီအသုံးချနိုင်ရေးဆောင်ရွက်ပေးလျက်ရှိရာ အထွက်နှုန်းအနေဖြင့် ယခင်ဒေသမျိုးထက် ယခုစိုက်ပျိုးထားသော ရေဆင်းစပ်မျိုး-၁ နေကြာသည် တစ်ဧကလျှင် ၃၅ တင်းမှ ၄၅ တင်းအထိ ထွက်ရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် လှည်းကူးမြို့နယ် သနပ်ပြင်ကျေးရွာရှိ နွေစပါး ၁၄၈ ဧက စံပြစိုက်ခင်း ကြည့်ရှုစစ်ဆေး



**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တိုင်းဒေသကြီး ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက လှည်းကူးမြို့နယ် သနပ်ပြင်ကျေးရွာရှိ တောင်သူ ၁၄ ဦး၏ ၁၄၈ ဒသမ ၂၅ ဧကဖြင့် လက်စိုက်၊ စက်စိုက်၊ မျိုးစေ့ချကိရိယာ အသုံးပြု၍ စိုက်ပျိုးထားရှိသည့် နွေစပါး စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။(ယာပုံ)

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့အား လက်စိုက် ၅၆ ဒသမ ၂၅ ဧက၊ စက်စိုက် ဧက ၄၈ ဒသမ ၆၀၊ မျိုးစေ့ချကိရိယာဖြင့် ဧက ၄၃ ဒသမ ၄၀ တို့တွင် တောင်သူ ၁၄ ဦးတို့က နယူးရော(၁၀)/ (၁၁)၊ ဆင်းသုခ၊ အောင်နိုင်တိုး နွေစပါးမျိုးများ စိုက်ပျိုးမှု အဆင့်ဆင့်နှင့် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တောင်သူများနှင့်တာဝန်ရှိသူများအား မျိုးစေ့ချကိရိယာ စိုက်ပျိုးခြင်းဖြင့် အချိန်ကုန်သက်သာခြင်း၊ ငွေကြေးကုန်ကျမှုသက်သာခြင်းတို့နှင့် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးရဲတင့် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ပြန်ကြားရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**မော်လမြိုင် ဖေဖော်ဝါရီ ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့ နံနက်ပိုင်းက ကရင်ပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစန်းကို၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးတို့နှင့်အတူ ဘားအံမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံမှူးနှင့် ဝန်ထမ်းများ၊ သတင်းဌာနခွဲမှ ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

ထို့နောက် လှာကပြင်ကျေးရွာရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ဖြင့် ဆောက်လုပ်ဖွင့်လှစ်ပြီးဖြစ်သော “အလင်းတိုက်” စာကြည့်တိုက်ကို ကြည့်ရှုအားပေးပြီး ရပ်မိရပ်ဖများ၊ စာကြည့်တိုက်မှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ အားပေးမှာကြားကာ စာအုပ်စာစောင်များ လှူဒါန်းသည်။

ဆက်လက်၍ ဘားအံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ ရောက်ရှိပြီး စာကြည့်တိုက်နှင့် ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်ဖြင့် ဆောက်လုပ်ပေးထားသော ဘက်စုံသုံးခန်းမတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်မှူးနှင့် ဝန်ထမ်းများ၊ ခရိုင်ရုံးဝန်ထမ်းများ၊ ဖာပွန်မြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ရှမ်းရွာသစ်မြို့နှင့် ပိုင်ကျုံမြို့တို့မှ ဦးစီးမှူးများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ထိုသို့ မှာကြားရာတွင် မြဝတီခရိုင် ဦးစီးမှူးနှင့် ကျန်မြို့နယ်များမှ ဦးစီးမှူးများကလည်း Video Conference စနစ်ဖြင့် တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ ထို့နောက် မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက်အားကြည့်ရှုစစ်ဆေး၍ ပြည်နယ်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ရေးမြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်တို့မှ မြို့နယ်ဦးစီးမှူးများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။


ထို့နောက် မော်လမြိုင်မြို့ သာယာအေးရပ်ကွက်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ဖြင့် တည်ဆောက်ဖွင့်လှစ်ထားသော “လင်းရောင်ခြည်” စာကြည့်တိုက်သို့ ရောက်ရှိရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် စာကြည့်တိုက်မှူးတို့အား တွေ့ဆုံ၍ စာကြည့်တိုက်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးလူငယ်များ စာကြည့်တိုက်သို့ လာရောက်စာဖတ်ကြရေး၊ စာကြည့်တိုက်ကိစ္စအပါအဝင် ရပ်ရေးရွာရေး၊ လူမှုရေးကိစ္စများတွင် လူငယ်များလူမှုရေးစိတ်ဖြင့် ပါဝင်လာစေရေး စည်းရုံးဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး စာအုပ်စာစောင်များ လှူဒါန်းခဲ့သည်။

**ပြည်နယ် (ပြန်/ဆက်)**

# ရန်ကုန် လှိုင်သာယာတွင် တစ်နာရီ ၄ ဒသမ ၂၅ လက်မနှုန်းဖြင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၌ ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲပိုင်းက မိုးရွာသည့်နှုန်း 108mm/hr = တစ်နာရီ ၄ ဒသမ ၂၅ လက်မနှုန်းဖြင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့ကြောင်း မိုးလေဝသပညာရှင် ဦးဝင်းနိုင်၏ ထုတ်ပြန်မှုအရ သိရသည်။




လှိုင်သာယာ weather station record အရ တွေ့ရပုံ။

ထို့အပြင် ဖေဖော်ဝါရီ ၂၄ ရက်အတွက် စုစုပေါင်း မိုးရေချိန် ၁ လက်မအတိ(25. 4 mm)ရှိခဲ့သည်ကို တပ်ဆင်ပြီး လှိုင်သာယာ weather station record အရ တွေ့ရှိရကြောင်း၊ ကျန် station များတွင် မိုးရွာနှုန်းများသော်လည်း မိုးရေချိန် လက်မဝက်ခန့်သာ အများဆုံးရှိခဲ့ကြောင်း တွေ့ရသည်ဟု ဦးဝင်းနိုင်က ဖော်ပြသည်။

ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ နေပြည်တော်၊ ပဲခူး(အရှေ့/အနောက်)၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် မိုးရွာနိုင်သည့် ကြိုတင်ခန့်မှန်းချက် အခြေအနေများကို ပြီးခဲ့သည့်ရက်များက ၎င်းအနေဖြင့် လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် အသိပေးထားပြီး ဖြစ်သည်။

ယင်းကြိုတင်ခန့်မှန်းချက်များအရ ဒေသအလိုက် ၄၈ နာရီအတွင်း မိုးရေချိန် ၃၀ မီလီမီတာအထက် ရွာသွန်းနိုင်ကာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသများအနေဖြင့် သတိထားရမည်ကိုလည်း သိရသည်။

“Target date တွေက ဖေဖော်ဝါရီ ၂၄၊ ၂၅-နှစ်ရက်ဖြစ်တာကြောင့် အဲဒီရက်တွေမှာ Realtime အခြေအနေတွေက ဘယ်လိုဖြစ်လာနိုင်မယ်ဆိုတာကို AWN Weather Station များမှတစ်ဆင့် Monitor လုပ်နေပါတယ်။ မြန်မာပြည်ထဲက တပ်ဆင်ပြီး Weather Station များအပြင်၊ ဗီယက်နမ်ကမ်းခြေကစပြီး ထိုင်းနိုင်ငံမြောက်ပိုင်းက WS တွေရဲ့ အချက်အလက်တွေကိုပါ စောင့်ကြည့် (Monitor လုပ်) နေပါတယ်” ဟု ဦးဝင်းနိုင်က ပြောသည်။

**ထွဏ်းထွဏ်း**

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန်ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

## ၂၄ - ၂ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၅၀၀၀၀၀ ကျပ် ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အားကစားနည်းအလိုက် ဆုတံဆိပ်ရရှိခဲ့သော ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြုအားကစားသမားများ၊ အုပ်ချုပ်သူ/နည်းပြများအား ဂုဏ်ပြု



ပဲခူး ဖေဖော်ဝါရီ ၂၄

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အားကစားနည်းအလိုက် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်ရရှိခဲ့သော ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု အားကစားသမားများ၊ အုပ်ချုပ်သူ/နည်းပြများအား ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ပဲခူးတိုင်းဒေသကြီးမှ အားကစားနည်း (၂၃) နည်းတွင် မသန်စွမ်းအားကစားသမားများအပါအဝင် ရွှေတံဆိပ် ၂၆ ခု၊ ငွေတံဆိပ် ၄၀ နှင့် ကြေးတံဆိပ် ၇၀ ရရှိခဲ့သည့်အတွက် ယခုလိုထိုက်တန်စွာ ဂုဏ်ပြုပွဲကျင်းပပေးရခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးကိုယ်စားပြု အားကစားသမားများ၊ နည်းပြ/အုပ်ချုပ်သူများအနေဖြင့် သက်ဆိုင်ရာ အားကစားနည်းများအလိုက် စဉ်ဆက်မပြတ် ဆက်လက်လေ့ကျင့်သွားရန်နှင့် နောင်လာမည့် တိုင်းဒေသကြီး/ ပြည်နယ်ပြိုင်ပွဲများတွင် နိုင်ငံတော်အဆင့်ထိ တက်လှမ်းနိုင်မည့် လူငယ်မျိုးဆက်သစ် အားကစားသမားအဖြစ် ပေါ်ထွက်လာစေရေး အားကစားကဏ္ဍ ဘက်စုံတိုးတက်မြင့်မားရေးနှင့် အောင်မြင်မှုများရရှိနိုင်ရေး အစွမ်းကုန်ကြိုးစားသွားကြစေလိုကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ရေကူး၊ ပြေးခုန်ပစ်၊ အလေးမ၊ ကာယကြံ့ခိုင်မှုနှင့် တင်းနစ်အားကစားနည်းများအလိုက် ရွှေတံဆိပ်ဆုရရှိသူငါးဦးအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်သည်။ ပဲခူးတိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌတို့က အားကစားနည်းအလိုက် ရွှေတံဆိပ်၊ ငွေတံဆိပ်နှင့် ကြေးတံဆိပ်ဆုရရှိသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အားကစားသမားများ စခန်းသွင်းလေ့ကျင့်ခဲ့မှု မှတ်တမ်း Video Click အား ကြည့်ရှုသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုခံပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အားကစားနည်း(၂၃)နည်းတွင် မသန်စွမ်းအားကစားသမားများအပါအဝင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်ရရှိခဲ့သည့် ဂုဏ်ပြုခံအားကစားသမားများ၊ အုပ်ချုပ်သူ/နည်းပြများအတွက် စုစုပေါင်းငွေကျပ် ၇၃၂ သိန်းအား ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဘားအံမြို့၏ မြို့ရေပေးဝေရေးလုပ်ငန်းကို ဆိုလာစနစ်ပြောင်းလဲတပ်ဆင်ဆောင်ရွက်မည်

ဘားအံ ဖေဖော်ဝါရီ ၂၄

ဘားအံမြို့ဧရိယာအတွင်း နေထိုင်ကြသော အိမ်ထောင်စုများအား သံလွင်မြစ်နှင့် စက်ရေတွင်းများမှ ရေကိုစုပ်တင်၍ ရေစုကန်များမှ တစ်ဆင့် သောက်ရေ၊ သုံးရေများ ဖြန့်ဝေပေးလျက်ရှိရာ နေ့စဉ်ရေပုံမှန်ရရှိနိုင်ရေး မြို့ရေပေးဝေရေးလုပ်ငန်းကို ဆိုလာစနစ်သို့ ပြောင်းလဲ တပ်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။



ထိုသို့ ဆိုလာစနစ်ပြောင်းလဲတပ်ဆင်ဆောင်ရွက်နိုင်ရေး ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက ဘားအံမြို့ ဘားမဲတောင်ရေစုကန်၊ ရေစစ်ကန်များမှတစ်ဆင့် ရေဖြန့်ဝေပေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး သူရမြင့်သူနှင့် တာဝန်ရှိသူများက လက်ရှိရေပေးဝေမှုအခြေအနေ၊ ရေစက်ရုံအလိုက်နှင့် ရပ်ကွက်အလိုက် ရေပေးဝေသည့် ရေမီတာနှင့် ရေတိုင်စာရင်း၊ ဦးစားပေး (၁)၊ (၂)၊ (၃)အလိုက် ဆိုလာစနစ်တပ်ဆင်မည့်လုပ်ငန်းများ၊ ဆိုလာစနစ် တပ်ဆင်ပြီးပါက ရေရရှိမည့်ရပ်ကွက်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားကာ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဘားအံမြို့တွင် ရပ်ကွက် ကိုးရပ်ကွက်၊ အိမ်ခြေ ၁၂၅၄၇ အိမ်၊ လူဦးရေ ၅၉၄၃၈ ဦး နေထိုင်လျက်ရှိပြီး ရေစက်ရုံရှစ်ရုံဖြင့် သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိရာမှ ခန့်မှန်းကုန်ကျငွေပေါင်း ကျပ် ၁၀၄၀ ဒသမ ၂ သန်းဖြင့် ဘဏ္ဍာရေးနှစ်အလိုက် ဘတ်ဂျက်လျာထား၍သော်လည်းကောင်း၊ အခြားသင့်တော်သော ရန်ပုံငွေမှ တင်ပြတောင်းခံခြင်းဖြင့်သော်လည်းကောင်း ဆိုလာစနစ်သို့ ပြောင်းလဲ တပ်ဆင်ဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါလုပ်ငန်းများပြီးစီးပါက ရပ်ကွက်များအနေဖြင့် နေ့စဉ်ရေပုံမှန်ရရှိသွားမည်ဖြစ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားမဲတောင်ပေါ်ရှိ အနေ့းသဲစစ်ကန်၊ အကြမ်းစစ်ကန်၊ ကလိုရင်း ခတ်စက်၊ ရေစုကန်၊ ရေစစ်ကန်များ၊ ဘားမဲတောင်စိမ်းလန်းစိုပြည်ရေး၊ view point နှင့် ဘားမဲတောင်ရေစက်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ပုသိမ်မြို့၌ သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်လှစ်

ပုသိမ် ဖေဖော်ဝါရီ ၂၄

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေ (၂၀၂၄) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက သင်တန်းသား သင်တန်းသူများအား အမှာစကားများ ပြောကြားသည်။ အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၂ ရက်အထိ တစ်ပတ်ကြာ သင်တန်းသား ၁၅ ဦးကို သီးနှံအခြေခံ ယို၊ ဖျော်ရည်၊ သီးနှံခြောက်အမျိုးမျိုး ထုတ်လုပ်မှုနည်းပညာများ စာတွေ့/လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ **ခရိုင်(ပြန်/ဆက်)**



# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် ရန်ကုန်တိုင်းအတွင်းရှိ သတင်းစာဆရာများ တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သတင်းစာဆရာများတွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်၊ သွေးဆေးကန်အနောက်ဘက်ရှိ ကြီးငါးကြီး ဆုတောင်းပြည့်ဘုရား ရင်ပြင်တော်ပေါ်၌ ကျင်းပသည်။ အခမ်းအနားမှူးအဖြစ် သူဇာနွယ် (ဖျာပုံ) က ဆောင်ရွက်သည်။



ရှေးဦးစွာ သတင်းမီဒီယာကောင်စီဝင် ဦးတင်ဝင်း (တင်ဝင်းလေး - ကြည့်မြင်တိုင်)က တက်ရောက်လာသည့် သတင်းမီဒီယာကောင်စီများနှင့် သတင်းစာဆရာများကို မိတ်ဆက်ပေးသည်။

ဆက်လက်၍ သတင်းစာဆရာဦးထွန်းရင်(မျိုးထွန်းငြိမ်း) က မုဒိတာစကားပြောကြားပြီး သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၂) ဦးခင်မောင်ကျော်ဒင်က လက်ရှိမီဒီယာကောင်စီ၏ ဆောက်ရွက်နေမှု ကိစ္စအဝဝနှင့် ရှေ့ဆောင်ရွက်မည့် ကိစ္စရပ်များကို ရှင်းပြခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းစာဆရာများက သိလိုသည်များကို မေးမြန်းရာ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ (၂) က ပြန်လည်ဖြေကြားပေးသည်။ တင်ဝင်းလေး (ကြည့်မြင်တိုင်) က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

တွေ့ဆုံပွဲသို့ သတင်းမီဒီယာကောင်စီမှ ဒုတိယဥက္ကဋ္ဌ(၂) ဦးခင်မောင်ကျော်ဒင် (ကြေးမုံ သတင်းစာ စာတည်းမှူးချုပ်-ငြိမ်း)၊ တွဲဖက်အတွင်းရေးမှူး (၁) ဦးလှထွဋ် (ကာတွန်းလှထွဋ်ဦး)၊ အတွင်းရေးမှူး(၂) ဦးရဲမင်းစိုး (မောင်မောက်-ဝတ်လုံ)၊ စာရင်းစစ် ဦးစိန်တိုး (ဆန်းလင်း)၊ အဖွဲ့ဝင် ဦးဥက္ကာအေးနှင့်ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ သတင်းစာဆရာများအပြင် အထူးဖိတ်ကြားထားသော ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်တို့မှ သတင်းစာဆရာများ တက်ရောက်ကြသည်။ **သျှင်ဝင်းသျှင်**

# PDF အမည်ခံ အကြမ်းဖက်သမားများက ရွှေဘိုမြို့နယ် ခွန်တောင်းကြီးကျေးရွာအနီး လယ်ယာလုပ်ငန်းဆောင်ရွက်နေသည့် ဒေသခံပြည်သူများအား လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူသုံးဦး လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာများရရှိ



PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူများ လက်နက်ငယ် ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့မှု။




PDF အမည်ခံအကြမ်းဖက်သမားများက လယ်ယာလုပ်ငန်းဆောင်ရွက်နေသည့် အပြစ်မဲ့ပြည်သူများအား လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်သည့်နေရာပြပုံ။

နေပြည်တော် ဖေဖော်ဝါရီ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ခွန်တောင်းကြီးကျေးရွာအနီး လယ်လုပ်ငန်းဆောင်ရွက်နေသည့် ဒေသခံပြည်သူများအား PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သား ပြည်သူအမျိုးသမီး သုံးဦး လက်နက်ငယ် ကျည်ထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ခွန်တောင်းကြီးကျေးရွာနေ မသန္တာထွေး(ဘ) ဦးဝင်းမြင့်၊ မသန်းသန်းစိုး (ဘ) ဦးဝင်းဘိုနှင့် ဒေါ်ပပဦး(ဘ) ဦးစိန်သန်းတို့သုံးဦးသည် ကျေးရွာ၏ အရှေ့တောင်ဘက်မီတာ ၁၁၀၀ ခန့်အကွာရှိ လယ်ကွင်းများအတွင်း ပေါင်းမြက်များ ရှင်းလင်းနေစဉ် ယနေ့နံနက် ၉ နာရီ မိနစ် ၄၀ ခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက လယ်ကွင်း၏ အရှေ့ဘက် မီတာ ၂၀၀ ခန့်အကွာမှနေ၍ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်ခဲ့မှုကြောင့် ၎င်းတို့တွင် လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် ရွှေဘိုမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများ၏ ယခုကဲ့သို့အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ဒေသခံပြည်သူ သေဆုံး၊ ဒဏ်ရာရရှိမှုများ မကြာခဏ ဖြစ်ပေါ်လျက်ရှိပြီး လုံခြုံရေး တပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေး ဆောင်ရွက်မှုများကို တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖြစ်စဉ်ဖြစ်ပွားရာ နေရာတစ်ဝိုက်အား လိုအပ်သော လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်





---

○ *ကျော့ဖုံးမှ*

ထပ်မံစစ်ဆေး ဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာ နိုင်ငံများသို့အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်း လုပ်ငန်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီး ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၂၄ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၂၃၇၀ ကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၆၇၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၁၆၉၇ ဦးကို သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ထိန်းသိမ်းထားရှိသည့် ပြည်ပနိုင်ငံသား ၂၃၇၀ သည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန်ဒါ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယားနှင့် တရုတ် (တိုင်ပေ) တို့မှ နိုင်ငံသားများဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများဖြစ်ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



တရားမဝင် ဝင်ရောက်လာသူ ပြည်ပနိုင်ငံသား ၁၅၀ ကို ထပ်မံထိန်းသိမ်းထားစဉ်။

---

## နွားထိုးကြီးမြို့နယ် မာန်လည်ကျေးရွာကို လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူနှစ်ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေ




နေပြည်တော် ဖေဖော်ဝါရီ ၂၄

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် မာန်လည်ကျေးရွာကို ဖေဖော်ဝါရီ ၂၃ ရက်က လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့ရာ အပြစ်မဲ့ပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်တွင် သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသား ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ ယင်းရက်က နွားထိုးကြီးမြို့နယ် မာန်လည်ကျေးရွာ အနီးတစ်ဝိုက်တွင် အကြမ်းဖက် လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် PDF အမည်ခံ အကြမ်းဖက်သမားများ ရောက်ရှိစုဖွဲ့နေကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ လိုအပ်သည့်နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများ ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်ကို တရားမဝင် ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန် သတင်းတု၊ သတင်းအမှားများဖြင့် မဟုတ်မမှန် လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

သတင်းစဉ်

---

❊ *ကျော့ဖုံးမှ*

ပွဲစဉ် (၁၀) တွင် ကျင်းပမည်ဖြစ်သည်။ ဆွန်ရတ်သည် ပြင်သစ်/အယ်လ်ဂျီးရီးယားနိုင်ငံသား အူရာဂီနှင့် တွေ့ဆုံနေပြီး ယခုနှစ်အတွင်း ပထမဆုံးထိုးသတ်ရမည့်ပွဲလည်းဖြစ်သည်။ ဆွန်ရတ်သည် ONE နှင့် လက်တွဲပြီး ၁၀ ပွဲမြောက် ထိုးသတ်ရခြင်းဖြစ်ပြီး ပြီးခဲ့သည့် ကိုးပွဲတွင် ငါးပွဲနိုင်၊ လေးပွဲရှုံးနိမ့်ထားသည်။ ဆွန်ရတ်သည် ၂၀၂၄ ခုနှစ်အတွင်း ထိုးသတ်သည့် လေးပွဲစလုံး အနိုင်ရထားသည်။ ဆွန်ရတ်နှင့် ထိုးသတ်မည့် အူရာဂီမှာမူ ONE နှင့် လေးပွဲထိုးသတ်ထားရာ တစ်ပွဲနိုင်ပြီး နောက်ဆုံးသုံးပွဲဆက်တိုက် ရှုံးနိမ့်ထားသည်။

ညီမြတ်သော်တာ

ဓာတ်ပုံ–ONE Championship

---

❖ *ကျော့ဖုံးမှ*

ထိုးဖောက် တိုက်စစ်ဆင်မှုများကို အကောင်းဆုံးဟန့်တားကာကွယ်နိုင်ခဲ့သည်။

ဆဘော့ဆလိုင်း၏ ဖန်တီးမှုကို တိုက်စစ်ကစားသမား ဆာလာ အဆုံးသတ် သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲကစားချိန် ၁၄ မိနစ်တွင် လီဗာပူးအသင်း အဖွင့်ဂိုး ရရှိခဲ့သည်။ ပွဲကစားချိန် ၃၇ မိနစ်တွင် ဆာလာ၏ဖန်တီးမှုကို ဆာဘော့ဆလိုင်း အဆုံးသတ်သွင်းယူနိုင်ခဲ့သည့်အတွက် လီဗာပူးအသင်း ဒုတိယဂိုးရရှိခဲ့သည်။

ပွဲချိန်ပြည့်သည်အထိ တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် လီဗာပူးအသင်းက နှစ်ဂိုးပြတ် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

အောင်ဇော်



မန်စီးတီးကစားသမား ဖိုဒင် လီဗာပူးအသင်းဘက် ဂိုးသွင်းယူရန် ကြိုးပမ်းစဉ်။

---

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

## မြစ်သားမြို့နယ်၌ ကုလားပဲ(ဆောင်း)သီးနှံများထွက်ပေါ်၍ အကျိုးအမြတ်ရရှိ



မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ကုလားပဲ (ဆောင်း) သီးနှံကိုလည်း စိုက်ပျိုးကြကြောင်း၊ မြို့နယ်အတွင်း ကုလားပဲ(ဆောင်း)စိုက်ဧကအနေဖြင့် ၃၂၇၇၅ ဧက စိုက်ပျိုးထားရှိကြောင်း ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ စာရင်းများအရသိရှိရပြီး ယခုအချိန်တွင် ကုလားပဲ(ဆောင်း)သီးနှံများ ထွက်ပေါ်လျက်ရှိကြောင်း သိရသည်။

ကုလားပဲ (ဆောင်း) သီးနှံကို နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလနှင့် မတ်လများတွင် ရိတ်သိမ်း ထွက်ပေါ်ကြောင်း၊ V2 ကုလားပဲမျိုး၊ V7 ကုလားပဲမျိုး၊ 929 ကုလားပဲမျိုးနှင့် TW (ထိုင်ဝမ်) ကုလားပဲမျိုးများရှိပြီး V2 ကုလားပဲမျိုးများကို အများဆုံး စိုက်ပျိုးကြကြောင်း၊ ကုလားပဲကို ကြဲပက်စနစ်ဖြင့် စိုက်ပျိုးကြပြီး တစ်ကေလျှင် မျိုးစေ့နှစ်တင်းခန့် ကုန်ကျကြောင်း၊ မျိုး၊ သွင်းအားစု၊ မြေပြုပြင်ခြင်း၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်း ငွေကျပ် ၃၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ တစ်ကေလျှင် ပုံမှန် ၁၀-၁၂ တင်းခန့်ထွက်ရှိပြီး သီးနှံဖြစ်ထွန်းအောင်မြင်၍ အထွက်နှုန်းကောင်းမွန်ပါက ၁၅ - ၂၀ တင်းခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် တောင်သူများမှ မြစ်သားမြို့နှင့် ကျောက်ဆည်မြို့တို့ရှိ ပွဲရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချပြီး ပွဲရုံများမှ တစ်ဆင့် မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့သို့ တင်ပို့ရောင်းချကြောင်း၊ ကုလားပဲသီးနှံသည် ကုန်ကျစရိတ်သက်သာပြီး အကျိုးအမြတ်ရရှိသော သီးနှံဖြစ်၍ နှစ်စဉ်တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **DOCA (မန္တလေး)**

## ဆိပ်ဖြူမြို့နယ်၌ ကန်စွန်းဥ(ဥစားကန်စွန်း)သီးနှံ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ရာသီအလိုက် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ မိသားစုအပိုဝင်ငွေ ရရှိရန်အတွက် ကန်စွန်းဥ(ဥစားကန်စွန်း) သီးနှံများကို ကိုင်းကျွန်းနှင့် သဲနုန်းမြေများတွင် အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း၊ ကန်စွန်းဥ (ဥစားကန်စွန်း) စိုက်ခင်းများကို စီးပွားဖြစ် နှစ်စဉ်အများအပြား စိုက်ပျိုးကြပြီး ယခုနှစ်တွင် မိုးရွာသွန်းမှုများ၍ စိုက်ခင်းများအတွင်း ရေဝင်ရောက်ကာ ပျိုးခင်းများပျက်စီးခြင်းကြောင့် ဧက ၁၀၀၀ ခန့်သာ စိုက်ပျိုးကြောင်း သိရသည်။

ကန်စွန်းဥ(ဥစားကန်စွန်း)သီးနှံကို မြစ်ရေကျချိန် အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် စိုက်ပျိုးကြပြီး ဖေဖော်ဝါရီလနှင့် မတ်လများတွင် တူးဖော်ရကြောင်း၊ ရွှေဝါကန်စွန်းဥမျိုးနှင့် ငချိတ်ကန်စွန်းဥမျိုးများကို အများဆုံးစိုက်ပျိုးကြပြီး ကန်စွန်းဥ(ဥစားကန်စွန်း) တစ်ညွန့်လျှင် ငွေကျပ် ၃၀ နှုန်းဖြင့် ဝယ်ယူစိုက်ပျိုးပြီး တစ်ကေလျှင် ကန်စွန်းဥ (ဥစားကန်စွန်း) အညွန့် ၃၅၀၀၀ ခန့် ဝင်ဆံ့စိုက်ပျိုးရကြောင်း၊ ကန်စွန်းဥ (ဥစားကန်စွန်း)များ အချိုလေး၍ အရသာရှိစေရန်အတွက် စိုက်ခင်းများကို ရေသွင်းစိုက်ပျိုးခြင်းမရှိဘဲ မြေအောက်ရေအစိုဓာတ်ဖြင့်သာ စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးပြီး သုံးလအကြာတွင် ကန်စွန်းဥ (ဥစားကန်စွန်း)များ တူးဖော်ကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်းငွေကျပ် ၁၀ သိန်းခန့်ကုန်ကျကြောင်း၊ တစ်ကေလျှင် ပိဿာချိန် ၂၈၀၀-၃၀၀၀ ခန့်ထွက်ရှိပြီး ဆိပ်ဖြူမြို့နှင့် ချောက်မြို့တို့သို့ တင်ပို့ရောင်းချကြောင်း၊ ယခုနှစ်တွင် သီးနှံအထွက်နှုန်းကောင်းမွန်ပြီး ဈေးနှုန်းကောင်းမွန်သောကြောင့် အကျိုးအမြတ်များ ပိုမိုရရှိကြောင်း ကန်စွန်းဥ (ဥစားကန်စွန်း) စိုက်တောင်သူတစ်ဦးထံမှ သိရသည်။ **DOCA (မကွေး)**



## မြင်းခြံခရိုင်၌ ပဲစင်းငုံသီးနှံ စိုက်ပျိုးထွက်ရှိမှုနှင့် ဈေးနှုန်းဈေးကွက်

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ပဲစင်းငုံသီးနှံများကိုလည်း စိုက်ပျိုးကြကြောင်း၊ ခရိုင်အတွင်း ပဲစင်းငုံသီးနှံစိုက်ပျိုးမှုအနေဖြင့် မြင်းခြံမြို့နယ်တွင် ၅၈၉၃ ဧက၊ တောင်သာမြို့နယ်တွင် ၁၈၉၃၁ ဧက၊ နွားထိုးကြီးမြို့နယ်တွင် ၇၉၂၆၁ ဧက စုစုပေါင်း ၁၀၄၀၈၅ ဧက စိုက်ပျိုးနိုင်ခဲ့ရာ ယခုအချိန်တွင် စိုက်ဧကအားလုံး ရိတ်သိမ်းပြီးဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန စာရင်းများအရ သိရသည်။

ပဲစင်းငုံသီးနှံကို မေလနှင့်ဇွန်လများတွင် စိုက်ပျိုးပြီး ဒီဇင်ဘာလနှင့် ဇန်နဝါရီလများတွင် ရိတ်သိမ်းရကြောင်း၊ ပဲစင်းငုံသီးနှံကို သီးသန့်စိုက်ပျိုးမှုနှင့် သီးညှပ်စိုက်ပျိုးမှုဟူ၍ စိုက်ပျိုးကြပြီး ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် ပဲစင်းငုံ ရွှေဒင်္ဂါးမျိုးများကို စိုက်ပျိုးကြကြောင်း၊ မြေပြုပြင်ခြင်း၊ သွင်းအားစု၊ မျိုးစေ့နှင့် လုပ်အားခအပါအဝင် တစ်ကေလျှင် စုစုပေါင်း ငွေကျပ် ၃၃၀၀၀၀ ခန့်ကုန်ကျပြီး တစ်ကေလျှင် ပျမ်းမျှ ၈-၉ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် တောင်သူများက မြင်းခြံမြို့ပေါ်ရှိ ပွဲရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချလျက်ရှိပြီး ပွဲရုံများမှတစ်ဆင့် ရန်ကုန်မြို့ ဘုရင့်နောင် ကုန်စည်ဒိုင်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ **DOCA (မန္တလေး)**

## တံတားဦးမြို့နယ်၌ ရုံးပတီသီးနှံ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ မိသားစုအပိုဝင်ငွေရရှိရန်အတွက် စိုက်ပျိုးရလွယ်ကူသော ရုံးပတီသီးနှံကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးရာမှ စီးပွားဖြစ် စိုက်ပျိုးလာကြကြောင်း သိရသည်။

ရုံးပတီသီးနှံကို ရာသီမရွေး စိုက်ပျိုးနိုင်ကြောင်း၊ စိုက်ပျိုးပြီး ၂ လခန့်အကြာတွင် စတင်ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် ပင်ပုမျိုး၊ ပင်လတ်မျိုး၊ ပင်မြင့်မျိုးများရှိပြီး ပင်လတ်ရုံးပတီမျိုးများကို အများဆုံးစိုက်ပျိုးလျက်ရှိရာ တစ်ကေလျှင် မျိုးစေ့ 10 Kg ပါ တစ်ထုပ်ခန့် ကုန်ကျကြောင်း၊ တန်းခြား ၃ ပေ၊ ပင်ခြား ၁ ပေ- ၁ ပေခွဲ ထား၍ ဘောင်ခတ်စနစ်ဖြင့် စိုက်ပျိုးရပြီး မျိုး၊ သွင်းအားစု၊ မြေပြုပြင်ခ၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်း ငွေကျပ် ၃၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ရုံးပတီသီးနှံကို ၃ ရက်ခြား တစ်ကြိမ်နှုန်းဖြင့် သက်တမ်းနှစ်လခန့်အထိ ခူးဆွတ်ရပြီး တစ်ကေလျှင် ရုံးပတီသီး ပိဿာချိန် ၁၂၀၀-၁၃၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများက စိုက်ခင်းသို့ လာရောက်ဝယ်ယူပြီး ဒေသတွင်း ရောင်းချမှုအပြင် ရန်ကုန်မြို့နှင့် ညောင်လေးပင်မြို့တို့သို့ တင်ပို့ရောင်းချကြောင်း၊ ရုံးပတီသီးနှံသည် ရာသီမရွေးစိုက်ပျိုးနိုင်ပြီး ဈေးကောင်းရရှိသည့်အတွက် တောင်သူများအနေဖြင့် အကျိုးအမြတ်များ ပိုမိုရရှိကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။ **DOCA (မန္တလေး)**

### ၂၄ - ၂ - ၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၅၀၀၀ | ၁၁၁၆၅ | ၂၅၀၀၀ | ၅၀၀၀ | ၂၃၀၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၅၀၀၀ | ၉၅၀၀ | ၁၄၀၀၀ | ၈၅၀၀ | ၉၀၀၀ | ၂၆၀၀၀ | ၅၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၆၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၂၀၀ | | ၇၃၀၀ | ၂၂၀၀၀ | - | ၂၀၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၁၉၀၀၀ | ၇၈၆၅ | ၁၇၅၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၂၀၀ | ၁၁၀၀၀ | ၇၈၀၀ | ၅၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၇၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၄ | လှိုင်ကော် | ၄၀၀၀ | | ၇၀၀၀ | ၁၈၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | | | ၃၅၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၅၈၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၁၈၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၇၅၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၁၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၆ | မော်လမြိုင် | ၃၂၀၀ | | ၅၁၀၀ | ၁၈၀၀၀ | ၇၇၄၅ | ၁၄၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၁၀၀၀ |
| ၇ | ထားဝယ် | ၃၅၀၀ | | ၅၄၅၀ | ၂၀၀၀၀ | ၈၂၀၀ | ၁၆၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | | ၇၀၀၀ | ၇၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၃၂၀၀၀ | ၂၁၀၀၀ | ၃၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၂၀၀၀၀ | ၈၄၆၀ | ၁၆၅၀၀ | ၃၈၀၀ | ၁၇၅၀၀ | ၁၆၅၀၀ | ၈၅၀၀ | ၆၅၀၀ | ၈၅၀ | ၉၈၀၀ | ၇၅၀၀ | ၁၁၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၂၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၃၀၀ | ၁၄၅၀၀ | ၄၆၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၂၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၅၆၀၀ | ၁၉၀၀၀ | ၃၁၀၀၀ | ၂၆၀၀၀ | ၃၁၀၀၀ | ၁၀၀၀၀ |
| ၁၀ | ပုသိမ် | ၃၂၀၀ | | ၄၉၅၀ | ၂၁၀၀၀ | ၇၇၀၀ | ၈၀၀၀ | ၃၃၀၀ | ၁၈၀၀၀ | ၁၄၅၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၃၃၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၅၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၃၅၀ | | ၅၅၀၀ | ၁၆၀၀၀ | ၈၁၅၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၂၃၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၉၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၂၄၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၃၆၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၈၀၄၀ | ၁၈၀၀၀ | ၃၈၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၂၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၄၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၅၅၀၀ | ၈၀၀၀ | ၁၄၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၃၀၀၀ | ၃၅၀၀ | ၇၀၀ | ၉၅၀၀ | ၈၅၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၄၀၀၀ | ၂၈၀၀၀ | ၁၂၀၀၀ |
| ၁၅ | မကွေး | ၄၁၀၀ | | ၆၄၀၀ | ၁၆၀၀၀ | ၇၉၀၀ | ၁၃၀၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၈၀၀ | ၁၃၀၀၀ | ၃၈၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | | ၅၀၀၀ | ၄၅၀ | | ၆၅၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၈၀၀ | ၁၂၅၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၅၀ | ၉၀၀၀ | ၆၅၀၀ | ၉၀၀၀ | ၄၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၆၈၀၀ | ၇၆၂၀ | ၁၆၄၀၀ | ၃၂၀၀ | ၁၆၄၀၀ | ၂၀၀၀၀ | ၉၂၀၀ | ၃၆၀၀ | ၇၀၀ | ၉၀၀၀ | ၇၀၀၀ | ၇၇၀၀ | ၅၂၀၀ | ၅၄၀၀ | ၁၇၄၀၀ | ၂၉၀၀၀ | ၂၆၀၀၀ | ၃၀၀၀၀ | ၁၃၂၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၇၆၂၀ | ၁၇၀၀၀ | ၃၆၀၀ | ၁၆၈၀၀ | ၂၀၅၀၀ | ၁၀၀၀၀ | ၃၈၀၀ | ၇၀၀ | ၉၂၀၀ | ၇၂၀၀ | ၈၀၀၀ | ၅၄၀၀ | ၅၄၀၀ | ၁၇၆၀၀ | ၃၀၀၀၀ | ၂၆၅၀၀ | ၃၀၀၀၀ | ၁၃၆၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၁၉၀၀၀ | ၁၄၀၀၀ | ၂၉၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၇၀၀၀ | ၇၅၀၀ | ၂၆၀၀၀ | ၄၀၀၀၀ | ၂၈၀၀၀ | ၄၀၀၀၀ | ၁၅၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## နိုင်ငံတကာသတင်း

## အိန္ဒိယနိုင်ငံ၌ တောရိုင်းဆင်တိုက်ခိုက်မှုကြောင့် သက်ကြီးပိုင်းစုံတွဲ သေဆုံးမှုဖြစ်ပွား

**၂၀၁၄ ခုနှစ်နောက်ပိုင်း တောရိုင်းဆင်တိုက်ခိုက်မှုကြောင့် သေဆုံးသူပေါင်း ၁၇ ဦးရှိလာ**

**နယူးဒေလီ ဖေဖော်ဝါရီ ၂၄**

အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ်၌ တောရိုင်းဆင်တစ်ကောင် တိုက်ခိုက်မှုကြောင့် သက်ကြီးပိုင်းစုံတွဲ သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၃ ရက်တွင် ပြောသည်။

အဆိုပါ သက်ကြီးပိုင်းစုံတွဲမှာ ကီရာလာပြည်နယ် ကန်နူးရ်ခရိုင်ရှိ အာရာလမ်း မွေးမြူရေးခြံ၌ သီဟိုဠ်စေ့များ ကောက်ယူစုဆောင်းနေချိန်တွင် တောရိုင်းဆင်တစ်ကောင်၏ တိုက်ခိုက်မှုကို ခံခဲ့ရခြင်းဖြစ်ပြီး ဖေဖော်ဝါရီ ၂၃ ရက် ညနေပိုင်းတွင် သေဆုံးခဲ့ကြောင်း သိရသည်။

ထိတ်လန့်တကြားဖြစ်နေသော ဒေသခံများက တောရိုင်းတိရစ္ဆာန်များ ဝင်ရောက်ကျူးကျော်မှုကို အမြန်ဆုံး တားဆီးပေးရန် တောင်းဆိုထားသည်။ ၂၀၁၄ ခုနှစ်နောက်ပိုင်း ကီရာလာပြည်နယ် ကန်နူးရ်ခရိုင်တွင် တောရိုင်းဆင် တိုက်ခိုက်မှုကြောင့် လူပေါင်း ၁၇ ဦး အသက်ဆုံးရှုံးမှုဖြစ်ပွားကြောင်း သိရသည်။

မကြာသေးမီလများအတွင်း တောရိုင်းဆင်များ၏ တိုက်ခိုက်မှုကြောင့် သေဆုံးမှု မြင့်တက်လာသည့်အတွက် သစ်တောဌာနကို ဆန့်ကျင်သည့် ဆန္ဒပြမှုများလည်း မြင့်တက်လာခဲ့သည်။ **ဆင်ဟွာ**

## တူရကီယဲအာဏာပိုင်များက ပြည်နယ် ၁၆ ခုတွင် အိုင်အက်စ်သံသယရှိသူ ၉၂ ဦးကို ဖမ်းဆီးထိန်းသိမ်း

**အန်ကာရာ ဖေဖော်ဝါရီ ၂၄**

တူရကီယဲအာဏာပိုင်များက ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း အစ္စလာမ္မစ်စစ်သွေးကြွ(အိုင်အက်စ်) အုပ်စု၏ အဖွဲ့ဝင်များဟု သံသယရှိသူ ၉၂ ဦးကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း ပြည်ထဲရေးဝန်ကြီး အလီယာလီခါရာက ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြောကြားသည်။

တူရကီယဲနိုင်ငံ အန်ကာရာနှင့် အစ္စတန်ဘူလ်မြို့တို့အပါအဝင် ပြည်နယ် ၁၆ ခုတွင် ဂပ်စ်-၄၇ ဟု အမည်ပေးထားသည့် စစ်ဆင်ရေးကို ပြုလုပ်ခဲ့ကြောင်း ဝန်ကြီးက လူမှုကွန်ရက်မီဒီယာ X တွင် ပြောကြားသည်။ လုံခြုံရေးတပ်ဖွဲ့များသည် သံသယရှိသူများကို ဝင်ရောက်ဖမ်းဆီးရာတွင် လိုင်စင်မဲ့လက်နက်များ၊ အဖွဲ့အစည်းဆိုင်ရာ စာရွက်စာတမ်းများနှင့် ဒစ်ဂျစ်တယ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း ဝန်ကြီးက ဆက်လက်ပြောသည်။

တူရကီယဲသည် နိုင်ငံအတွင်း အသေအပျောက်များသည့် တိုက်ခိုက်မှုများအတွက် အပြစ်တင်ခဲ့ပြီး ၂၀၁၃ ခုနှစ်အတွင်း အိုက်အက်စ်ကို အကြမ်းဖက်အဖွဲ့အစည်းတစ်ခုအဖြစ် သတ်မှတ်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## ဂျပန်နိုင်ငံ ဒေသအနှံ့အပြား ဆီးနှင်းထူထပ်စွာကျဆင်း

**တိုကျို ဖေဖော်ဝါရီ ၂၄**




ဂျပန်နိုင်ငံ ဒေသအနှံ့အပြားတွင် ဆီးနှင်းထူထပ်စွာ ကျဆင်းလျက်ရှိသောကြောင့် အာဏာပိုင်များက ခရီးသွားလာရာတွင် သတိထားကြရန် ပြည်သူများအား တိုက်တွန်းထားသည်။

ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၁ နာရီအထိ နီအီဂါတာခရိုင် ယူအွန်းနူမာမြို့တွင် ဆီးနှင်းထူထပ်မှု ၃ ဒသမ ၈၁ မီတာ၊ ယာမာဂါတာခရိုင် အိုကူရာကျေးရွာတွင် ၃ ဒသမ ၂၉ မီတာ၊ အအိုမိုရီခရိုင် အအိုမိုရီမြို့တွင် ၁ ဒသမ ၄၃ မီတာရှိကြောင်း သိရသည်။

ဆီးနှင်းကျဆင်းမှု လျော့နည်းလာဖွယ်ရှိသော်လည်း ကင်ကီ၊ ချူဂိုကူနှင့် ရှီကိုကူဒေသများ၏ မြေပြန့်နေရာများတွင် ဒေသအလိုက် ဆီးနှင်းထူထပ်စွာ ကျဆင်းနိုင်ကြောင်း တာဝန်ရှိသူများက ပြောသည်။ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခြင်း အပြင် လျှပ်စစ်ဓာတ်အား ပြတ်တောက်ခြင်း၊ သစ်ပင်များ လဲကျခြင်းတို့ ဖြစ်ပေါ်နိုင်ကြောင်း အာဏာပိုင်များက ပြောသည်။ **အင်န်အိတ်ချ်ကေ**

## နောက်ဆုံးရလဒ်များအရ အီရတ်နိုင်ငံ၏ လူဦးရေ ၄၆ သန်းကျော်ရှိ

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၄**

အီရတ်နိုင်ငံ၏ လူဦးရေမှာ ၄၆ သန်းကျော်ရှိပြီဖြစ်ကြောင်း နိုင်ငံ၏ စီမံကိန်းဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၄ ရက်တွင် ကြေညာထားသည်။

အီရတ်နိုင်ငံသည် အီလက်ထရွန်နစ် သန်းခေါင်စာရင်းကို အောင်မြင်စွာ ကောက်ယူနိုင်ခဲ့သည်။ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၅ ရက်က ထုတ်ပြန်ခဲ့သော ပဏာမရလဒ်များအရ နိုင်ငံ၏ လူဦးရေမှာ ၄၅၄၀၇၈၉၅ ဦးရှိရာမှ ယခုအခါ ၄၆၁၁၈၇၉၃ ဦးရှိပြီဖြစ်ကြောင်း ဝန်ကြီးဌာနက ကြေညာခဲ့သည်။



အသက် ၁၅ နှစ်မှ ၆၄ နှစ်အကြား အလုပ်လုပ်ကိုင်သည့် အသက်အရွယ်အုပ်စု မှာ စုစုပေါင်း လူဦးရေ၏ ၆၀ ဒသမ ၄၄ ရာခိုင်နှုန်းဖြင့် ရာခိုင်နှုန်းအများဆုံး ဖြစ်သည်။ ယင်းနောက်တွင် အသက် ၁၅ နှစ်အောက် လူငယ်အုပ်စုမှာ ၃၅ ဒသမ ၉ ရာခိုင်နှုန်းနှင့် အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အို ၃ ဒသမ ၆၆ ရာခိုင်နှုန်းဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာ ၂၀ ရက်မှ ၂၃ ရက်အတွင်း အီရတ်နိုင်ငံသည် ၂၇ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် နိုင်ငံတစ်ဝန်း လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ကောက်ယူခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# တရားမဝင် သစ်မျိုးစုံ၊ ကျောက်စိမ်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၂၁ ရက်တွင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၃၄၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၈၅၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်တွင်းကြီးမြို့နယ် အိုးပေါက်ကျေးရွာ၌ တရားမဝင် အခြားသစ် ၁ ဒသမ ၀၅၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၁ ရက်တွင် မအူပင်မြို့နယ်နှင့် ပန်းတနော်မြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀)ကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၂၂ ရက်တွင် မြောင်းမြမြို့နယ်နှင့် ဝါးခယ်မမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀) ကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၂၃ ရက်တွင် မအူပင်မြို့နယ်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၂၃ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံလွင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှပဲခူးမြို့သို့သွားရောက်မည့်မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၈၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄၈၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ ရွှေဟင်္သာရပ်ကွက် ရွာမလမ်းအမှတ်(၃)ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ တောင်ကြီးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၂ မျိုး၊ လူသုံးကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၄၂၆၄၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၄၂၆၄၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ မြဝတီမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ယူဆရသည့် အချောထည်ပစ္စည်း ၁၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၈၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunglong Bus တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ စင်္ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ လေယာဉ်ခရီးစဉ်အမှတ် (UB-004/SF-1725)နှင့် (8M-232/ SF-1753)တို့ဖြင့် လိုက်ပါလာသော ခရီးသည်နှစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်တင်သွင်းခွင့် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၉ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၄၆၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၂၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၈ ဒသမ ၁၉၁ တန်၊ သစ်မာ ၇ ဒသမ ၉၃၇ တန်၊ အခြားသစ် ၂ ဒသမ ၈၈၂ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ်၁၂၀၃၉၃၀၃ ကိုဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၂၁ ရက်၊ ၂၂ ရက်၊ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၇ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၅၄၅၃၇၀၃ ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းလာသည့် ကုန်စည်များအနေဖြင့် အရည်အသွေးပြည့်မီမှု မရှိနိုင်ခြင်းကြောင့် ပြည်သူများအတွက် ဘေးအန္တရာယ် ကျရောက်မှုများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

(၂၄-၂-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၁၆-၂-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၃-၂-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၁၅၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)မှ သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"အကြမ်းဖက် PDF တွေလား ဘာသာမဲ့အစွန်းရောက်တွေလား"** ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးမည် ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အမေရိကန်နိုင်ငံရေးမူဝါဒအပြောင်းအလဲမှာ ခွက်ပျောက်သွားတဲ့ NUG"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အကျဉ်းသူသေဆုံးပြီး သတင်းမပေါက်ကြားရန် ဖုံးကွယ်ထားဟု မဟုတ်မမှန် စွပ်စွဲရေးသား

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မန္တလေးအိုးဘိုထောင်တွင် နိုင်ငံရေးအကျဉ်းသူ အသက် ၆၅ နှစ်အရွယ် ဒေါ်စန်းရီ သေဆုံးသွားခဲ့ပြီး စစ်တပ်က သတင်းမပေါက်ကြားရန် ဖုံးကွယ်ထားသည်ဟု Khit Thit Media အမည်ခံ Facebook Page က မဟုတ်မမှန် စွပ်စွဲရေးသားဖော်ပြခဲ့သည်ကို တွေ့ရှိရသည်။

အကျဉ်းထောင်၌ နိုင်ငံရေး အကျဉ်းသား၊ အကျဉ်းသူဟူ၍မရှိဘဲ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကျူးလွန်၍ ပြစ်ဒဏ်ကျခံနေရသူများရှိပြီး အကျဉ်းသူ မစန်းရီ သည် အကြမ်းဖက် ပုဒ်မ ၅၂(က) ဖြင့် ထောင်ဒဏ် ၇ နှစ်ကို မန္တလေးဗဟိုအကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံနေရသူဖြစ်သည်။

ယင်းအကျဉ်းသူသည် အကျဉ်းထောင်သို့ မရောက်ရှိမီ ပြင်ပ၌နေထိုင်စဉ်ကတည်းက အစာအိမ်ရောင်ရောဂါ၊ သွေးတိုးရောဂါ ခံစားနေရသူဖြစ်ပြီး သွေးတိုးရောဂါအတွက် သွေးကျဆေးပုံမှန်သောက်သုံးနေရသူဖြစ်သော်လည်း လက်ရှိတွင် ကျန်းမာရေးအခြေအနေ ကောင်းမွန်လျက်ရှိကာ အကျဉ်းထောင် အမျိုးသမီးဆောင်၌ ပြစ်ဒဏ်ကျခံလျက်ရှိသည့်အတွက် ဖေဖော်ဝါရီ ၁၀ ရက်က အကျဉ်းသူ မစန်းရီ သွေးတိုး၊ ဆီးချို၊ နှလုံး၊ အသည်းရောဂါတို့ဖြင့် သေဆုံးသည် ဆိုသည်မှာ မှန်ကန်မှုမရှိကြောင်း သိရသည်။

ထို့ပြင် ကျန်းမာရေးမကောင်းသည့် အကျဉ်းသားများကို အကျဉ်းထောင်ဆရာဝန်၊ ကျန်းမာရေးမှူးများဖြင့် ဆေးဝါးကုသပေးခြင်း၊ လိုအပ်သည့်ဆေးဝါးများကို ဝယ်ယူဖြည့်တင်းပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိသားစုဝင်များက အကျဉ်းသားများအတွက် ဆေးဝါးများ လာရောက်ပေးအပ်ပါက အကျဉ်းထောင် ဆရာဝန်က စိစစ်လက်ခံ၍ ကြီးကြပ်မှုဖြင့် သောက်သုံးစေလျက်ရှိကြောင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းကာ လစဉ် ကျန်းမာရေးစစ်ဆေးကုသမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရပြီး လိုအပ်ပါက ပြည်သူ့ဆေးရုံကြီးများသို့ အချိန်နှင့်တစ်ပြေးညီ တင်ပို့ပြသကုသပေးလျက်ရှိသည့်အတွက် Khit Thit Media အမည်ခံ Facebook Page က ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာဖြစ်သည်။

**လင်းလင်း**

## နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄** - နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာသီသီထွန်း ပါမောက္ခ(ဌာနမှူး) အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်

ယနေ့ပို့ချချက်ဟာ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကြီးမှာ အင်္ဂလိပ်စာဘာသာရပ်ကို ဖြေဆိုမယ့် ကျောင်းသား ကျောင်းသူတွေအတွက် အင်္ဂလိပ်စာ မေးခွန်းပုံစံဆိုင်ရာ သိမှတ်ဖွယ်ရာများဖြစ်ပါတယ်။ အင်္ဂလိပ်စာဘာသာရပ် Grade 12 ပြဋ္ဌာန်းစာအုပ်မှာ Unit ၁၂ ခု ပါရှိပြီး Unit ၃ ခုပြီးတိုင်း ပြီးခဲ့တဲ့ Unit များနဲ့ ဆက်စပ်တဲ့ revision exercise နဲ့ ကဗျာသင်ခန်းစာတို့ ပါဝင်ပါတယ်။

Grade 12 ပြဋ္ဌာန်းစာအုပ်မှာ reading, vocabulary, grammar, listening and speaking နဲ့ writing ဆိုတဲ့ အပိုင်း ၅ ပိုင်း ပါရှိပါတယ်။ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာ ဘာသာရပ်မေးခွန်းမှာ မေးခွန်းပုဒ်ရေ စုစုပေါင်း ၉ ပုဒ် မေးမှာဖြစ်ပါတယ်။ အဲဒီမေးခွန်းတွေရဲ့ အများစုဟာ Grade 12 ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာများကို အခြေခံပြီးမေးမှာဖြစ်ပါတယ်။

**မေးခွန်းနံပါတ် ၁** ကတော့ **Complete the sentences with the appropriate words. The initial letters are given.** ဖြစ်ပါတယ်။ ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာများကို အခြေခံပြီး မေးခွန်းငယ် ၁၀ ခုမေးထားတာဖြစ်ပါတယ်။ ဝါကျတွေမှာရှိတဲ့ ကွက်လပ်လေးတွေကို သင့်လျော်တဲ့စကားလုံးနဲ့ ဖြည့်ပေးရမှာပါ။ အဲဒီစကားလုံးရဲ့ အစ alphabet ကို ပေးထားပါတယ်။

ဥပမာ -

As the instructions were not clear enough, the players got c------------. လို့ ပေးထားရင် သင့်လျော်တဲ့စကားလုံးဖြစ်တဲ့ confused ကို ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ပေးထားတဲ့ စာကြောင်းတွေကို ပြန်ကူးရေးစရာမလိုပါဘူး။ အဖြေပဲရေးပေးရမှာ ဖြစ်ပါတယ်။ ဒီလိုပုံစံ မေးခွန်းဟာဆိုရင် ကျောင်းသား ကျောင်းသူတွေရဲ့ စကားလုံးအနက်အဓိပ္ပာယ် သေသေချာချာ သိရှိနားလည်မှုနဲ့ မှန်ကန်တဲ့စကားလုံးသုံးနှုန်းနိုင်မှုတို့ကို စစ်ဆေးခြင်းပဲ ဖြစ်ပါတယ်။

နောက်တစ်ခုဖြစ်တဲ့ **မေးခွန်းနံပါတ် ၂** ကတော့ **Choose the appropriate words or phrases to complete the sentences.** ဖြစ်ပါတယ်။ ကွက်လပ်ပါတဲ့ မေးခွန်း ၁၀ ခုနဲ့ မေးထားပါတယ်။ မေးခွန်းတစ်ခုစီမှာ ပေးထားတဲ့ စကားလုံး(၃)လုံးထဲကနေပြီး အဲဒီဝါကျအတွက် မှန်ကန်တဲ့စကားလုံးကို ရွေးချယ်ရမှာဖြစ်တယ်။

ဥပမာ -

In this age of technology, some people are still using ------------ methods of farming. ဆိုတဲ့မေးခွန်းမှာ (A) exotic (B) primitive (C) classical လို့ပေးထားရင် အဖြေမှန်ဟာ (B) primitive ဖြစ်ရပါမယ်။

နောက်ဥပမာတစ်ခုဖြစ်တဲ့

My mother asked me ------------ dinner for the family.

ဆိုတဲ့မေးခွန်းမှာ (A) to prepare (B) prepare (C) preparing လို့ ပေးထားရင် သဒ္ဒါအရ မှန်တဲ့အဖြေဟာ (A) to prepare ဖြစ်ရပါမယ်။ ဒီမေးခွန်းများဟာ ကျောင်းသား ကျောင်းသူများရဲ့ စကားလုံးအဓိပ္ပာယ်သိရှိမှု၊ သဒ္ဒါမှန်မှန်ကန်ကန် သုံးစွဲနိုင်မှုရှိမရှိကို စစ်ဆေးတဲ့မေးခွန်းဖြစ်ပါတယ်။

**မေးခွန်းနံပါတ် ၃** အနေနဲ့ကတော့ Stylistic Transformation ဖြစ်တဲ့အတွက် **Rewrite the sentences according to the instructions given in brackets.** လို့မေးထားတယ်။ ဝါကျ ၁၀ ကြောင်းကို ဝါကျတွေရဲ့နောက်မှာ ကွင်းထဲမှာပေးထားတဲ့ ညွှန်ကြားချက်အတိုင်း အဓိပ္ပာယ်မပြောင်းလဲစေဘဲ ပြန်ရေးပေးရမှာဖြစ်တယ်။ အထက်တန်းအဆင့် Grade 10၊ Grade 11 နဲ့ Grade 12 ပြဋ္ဌာန်းစာအုပ်တွေမှာရှိတဲ့ ဝါကျပုံစံတွေကို အခြေခံတဲ့ လေ့ကျင့်ခန်းများများ လေ့ကျင့်ထားရင် ဒီမေးခွန်းကို ကောင်းကောင်းဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

ဥပမာ -

He runs and jumps like he has superpowers. (Use 'as if/ as though'.) လို့မေးလာခဲ့ရင် He runs and jumps as if he had superpowers. လို့ ဖြေပေးရမှာ ဖြစ်ပါတယ်။

**မေးခွန်းနံပါတ် ၄** မှာ အပိုင်း ၂ ပိုင်း ပါရှိပါတယ်။ ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာတွေ ကျေကျေညက်ညက် လေ့လာထားခြင်း ရှိ မရှိ စစ်ဆေးတဲ့ မေးခွန်းဖြစ်ပါတယ်။

IV. (A) ကတော့ **Write the appropriate words or groups of words to complete the lines of verse.** လို့ မေးထားပါတယ်။ Grade 12 ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ ကဗျာတွေထဲက စာကြောင်း ၂ ကြောင်း ပေးထားပြီး အဲဒီစာကြောင်းထဲမှာရှိတဲ့ ကွက်လပ်ကို ဖြည့်ပေးရမှာဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ကျောင်းသား ကျောင်းသူတွေအနေနဲ့ သင်ယူထားတဲ့ ကဗျာတွေကို လေ့လာကျက်မှတ်ထားရင် ဖြေဆိုဖို့ လွယ်ကူတဲ့ မေးခွန်းဖြစ်ပါတယ်။ ကွက်လပ်ကို ဖြည့်ရာမှာလည်း တိတိကျကျ ပြန်လည်ဖော်ပြဖို့နဲ့ စာလုံးပေါင်း မှားယွင်းမှုမရှိအောင် သတိထားကြဖို့ လိုတယ်။

ဥပမာ -

You cannot tell -----------

By the way the building looks.

လို့ မေးရင် its magic လို့ ဖြေပေးရမှာဖြစ်ပါတယ်။ ပေးထားတဲ့ စာကြောင်းတွေကို ပြန်ကူးရေးစရာ မလိုပါဘူး။

IV. (B) ကတော့ **Answer the questions in complete sentences.** ဖြစ်ပြီး မေးခွန်း ၅ ခုကို အဓိပ္ပာယ်ပြည့်စုံတဲ့ဝါကျနဲ့ ပြန်ဖြေပေးရမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ်ငယ် ၆ မှ ၉ ကတော့ ပြဋ္ဌာန်းစာအုပ်ရှိ reading passage မှာပါတဲ့ အကြောင်းအရာတွေကို အခြေခံပြီး မေးထားမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ်ငယ် ၁၀ ကတော့ ပြဋ္ဌာန်းစာအုပ်ရှိ ကဗျာမှာပါတဲ့ စာကြောင်း ၂ ကြောင်းလောက်ကို ပေးထားပြီး ဆိုလိုရင်း အဓိပ္ပာယ်ကို ရေးခိုင်းတာဖြစ်တယ်။

ဥပမာ -

Who are the most responsible persons for imparting good manners to children? လို့ မေးရင် The most responsible persons for imparting good manners to children are all the elders of the present generation. လို့ ပြန်ဖြေပေးရမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေဆိုရာမှာ အချက်အလက်ပြည့်စုံပြီး သဒ္ဒါမှန်ကန်ဖို့ သတိထားရပါမယ်။

မေးခွန်းနံပါတ်ငယ် ၁၀ အတွက် ဥပမာတစ်ခုကတော့

I took the one less traveled by,

And that has made all the difference. လို့ ကဗျာစာကြောင်း ၂ ကြောင်းကို ပေးထားတယ်ဆိုရင် အဲဒီ ၂ ကြောင်းကို စကားပြေ ပြန်ပေးရမှာ ဖြစ်ပါတယ်။

ဒီမေးခွန်းကို ဖြေနိုင်ဖို့ကတော့ ပြဋ္ဌာန်းထားတဲ့ ကဗျာတွေရဲ့ အဓိပ္ပာယ်ကို နားလည်သိရှိထားဖို့လိုပါတယ်။ ကဗျာကို အဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါ ဆိုလိုရင်းအဓိပ္ပာယ်နဲ့ သဒ္ဒါပါမှန်ကန်တဲ့ ဘယ်အဖြေကိုမဆို လက်ခံမှာဖြစ်ပါတယ်။

**မေးခွန်းနံပါတ် ၅** ကတော့ Grade 12 ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာတွေထဲက ကျောင်းသား ကျောင်းသူများ လေ့လာထားပြီးဖြစ်တဲ့ စာပိုဒ်တစ်ပိုဒ် (သို့မဟုတ်) တစ်ပိုဒ်ထက်ပိုတဲ့စာပိုဒ်များကို ပေးထားပြီး အဲဒီစာပိုဒ်တွေမှာပါတဲ့ အကြောင်းအရာတွေကို အခြေခံပြီး မေးခွန်းအမျိုးအစား ၂ မျိုးနဲ့ မေးမှာဖြစ်ပါတယ်။

V. (A) က **Write the correct word or words to complete each sentence.** ဖြစ်ပါတယ်။ ပေးထားတဲ့စာကြောင်းကို အဓိပ္ပာယ်ပြည့်စုံအောင် ကွက်လပ်ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ဝါကျ ၅ ကြောင်း ပေးထားပြီး ဝါကျတွေမှာပါရှိတဲ့ ကွက်လပ် ၁ ခုစီမှာ စကားလုံးတစ်လုံး ဒါမှမဟုတ် စကားစုတစ်စု ဖြည့်ရမှာဖြစ်တယ်။ သတိပြုရမှာက ပေးထားတဲ့ဝါကျရဲ့ တည်ဆောက်ပုံပေါ်မူတည်ပြီး သင့်လျော်သလို စကားလုံးတွေကို ပြောင်းရေးဖို့ လိုကောင်းလိုပါလိမ့်မယ်။ ဥပမာ စာပိုဒ်ထဲမှာ "Treating everyone with kindness is another key element of happiness. Acts of kindness have the potential to make the world a happier place." လို့ပေးထားပြီး

Treating everyone with kindness is another key element to make yourself ------. လို့မေးလာရင် ပေးထားတဲ့အတိုင်း ပြန်ကူးချလို့မရပါဘူး။ စာပိုဒ်ထဲက ဝါကျဟာ noun phrase ဖြစ်နေပြီး မေးထားတဲ့ ဝါကျမှာဖြေရမယ့်အဖြေဟာ adjective ဖြစ်နေပါတယ်။ ဒီအတွက်ကြောင့် အဖြေဟာ 'happier' ဖြစ်တယ်။

V. (B) ကတော့ **Answer each question in one sentence.** ဖြစ်ပါတယ်။ စာပိုဒ်ထဲမှာပါတဲ့ အကြောင်းအရာ အချက်အလက်တွေနဲ့ ဆက်စပ်တဲ့ မေးခွန်း ၅ ခုကို မေးမှာဖြစ်ပြီး ပေးထားတဲ့ စာပိုဒ်ထဲက အဖြေရှာပြီး မေးခွန်းတစ်ခုစီကို ပြည့်စုံတဲ့ဝါကျတစ်ကြောင်းစီနဲ့ ဖြေပေးရမှာဖြစ်တယ်။ အမှတ်ပြည့်ရရှိဖို့အတွက် မေးခွန်းမှာမေးတဲ့ အချက်အလက် (fact) ရော၊ သဒ္ဒါ (grammar) ပါ မှန်မှန်ကန်ကန်ဖြေနိုင်အောင် လေ့ကျင့်ထားဖို့လိုတယ်။

ဥပမာ စာပိုဒ်ထဲမှာ "The biggest barrier to happiness is envy, which is a state of desiring other people's qualities, possessions, opportunities, etc." လို့ပေးထားပြီး

What is envy? လို့မေးထားရင် အဖြေက "Envy is a state of desiring other people's qualities, possessions, opportunities, etc." လို့ ဖြေဆိုပေးရမှာဖြစ်ပါတယ်။ အရေးကြီးတာကတော့ ဆီလျော်မှန်ကန်တဲ့ အဖြေဖြစ်ရမယ်။ သင်ရိုးညွှန်းတမ်းပါ စာပိုဒ်တွေနဲ့ ဆက်စပ်တဲ့ မေးခွန်းပုံစံအမျိုးမျိုးကို အဓိပ္ပာယ်ရှိရှိ မှန်မှန်ကန်ကန် ဖြေတတ်အောင် လေ့ကျင့်ထားဖို့လိုတယ်။ စာပိုဒ်ထဲက သက်ဆိုင်တယ်ထင်တဲ့ စာကြောင်းတွေကို တိုက်ရိုက်ကူးချတာမျိုးလည်း မပြုလုပ်ကြဖို့ သတိပြုစေချင်တယ်။

**မေးခွန်းနံပါတ် ၆** ကတော့ unseen reading passage ပေးထားပြီး စာပိုဒ်တစ်ပိုဒ်(သို့မဟုတ်)တစ်ပိုဒ်ထက်ပိုတဲ့စာပိုဒ်များကိုပေးထားပြီး အဲဒီစာပိုဒ်တွေမှာပါတဲ့ အကြောင်းအရာတွေကို အခြေခံပြီး မေးခွန်းအမျိုးအစား ၂ မျိုးနဲ့ မေးမှာဖြစ်ပါတယ်။

VI. A ကတော့ **Find the bold-faced words in the passage that are similar in meaning to the following. There is an extra.** ဖြစ်တယ်။ ပေးထားတဲ့ စာပိုဒ်မှာ bold လုပ်ထားတဲ့ စကားလုံး ခြောက်လုံးပါမှာ ဖြစ်တယ်။ အဲ့ဒီစကားလုံးလေးတွေနဲ့ အဓိပ္ပာယ်တူစကားလုံး (သို့မဟုတ်) စကားစုငါးခု ပေးထားတဲ့အတွက် စကားလုံးတစ်လုံး အပိုပါတာကို သတိပြုရမှာဖြစ်ပါတယ်။ ဥပမာ– sufficient or satisfactory လို့မေးထားခဲ့လျှင် စာပိုဒ်ရှိ bold လုပ်ထားတဲ့ အဓိပ္ပာယ်တူစကားလုံးကို ရှာပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီ မေးခွန်းရဲ့အဖြေမှန် adequate ကို ရေးပေးရမှာဖြစ်ပါတယ်။

VI. B ကတော့ **Answer the following questions. Give complete answers.** ပဲ ဖြစ်ပါတယ်။ What is the main idea of the passage? လို့မေးရင် စာပိုဒ်တစ်ခုလုံးရဲ့ အဓိကအကြောင်းရင်းကို မေးတာဖြစ်လို့ The main idea of the passage is that nonverbal communication depends on culture and gender. လို့ဖြေပေးရမှာဖြစ်ပါတယ်။ ဒီလိုမေးခွန်းမျိုးက ကျောင်းသား ကျောင်းသူတွေ စာဖတ်ပြီး နားလည်နိုင်တဲ့စွမ်းရည်ကို စစ်ဆေးတဲ့အနေနဲ့ စာပိုဒ်ထဲက အကြောင်းအရာကို တိုက်ရိုက်မမေးဘဲ အားလုံးကို ယေဘုယျခြုံပြီး မေးတဲ့ မေးခွန်းမျိုးဖြစ်ပါတယ်။

**မေးခွန်းနံပါတ် ၇** ကတော့ အပိုင်း ၂ ပိုင်းပါရှိပါတယ်။ ပထမပိုင်းကတော့ Grade 10, Grade 11, Grade 12 တွေမှာပါတဲ့ Listening အပိုင်းကို အခြေခံပြီး မေးမှာဖြစ်ပါတယ်။

VII. (A) ကတော့ **Complete the dialogue with the expressions given in the box. There is an extra.** လို့ ပေးထားမှာဖြစ်ပါတယ်။ ပေးထားတဲ့ expression ခြောက်ခုကိုသုံးပြီး ကွက်လပ်ငါးခုကို ဖြည့်ပေးရမှာဖြစ်ပါတယ်။ expression တစ်ခုပိုပေးထားပါတယ်။

ဥပမာ–

Thurein : Khant Khant! How are things? Long time no see.

Khant Khant : Hey, Thurein! ----------- လို့ ပေးထားလျှင် အဖြေဟာ box ထဲမှာရှိတဲ့ expression ၆ ခုထဲက ဆီလျော်တဲ့ It's been a while since we last met. လို့ ဖြေပေးရပါမယ်။

VII. (B) ကတော့ **Complete the exchanges using the expressions given in the box. There is an extra.** လို့ပေးထားမှာဖြစ်တယ်။ ဒီအပိုင်းကတော့ unseen မေးခွန်းဖြစ်ပြီး ကျောင်းသားကျောင်းသူတွေရဲ့ အပြောစွမ်းရည်ကို စစ်ဆေးတဲ့အပိုင်းဖြစ်သလို Language function နားလည်အသုံးပြုနိုင်မှုကိုလည်း စစ်ဆေးတဲ့ အပိုင်းဖြစ်ပါတယ်။ ဒီအပိုင်းမှာလဲ expression တစ်ခု ပိုပေးထားပါတယ်။

**မေးခွန်းနံပါတ် ၈** ကတော့ Letter writing ဖြစ်ပြီး **Choose a situation given below and write a letter. Do not write more than 300 words.** လို့မေးမှာဖြစ်တယ်။ Grade 10, Grade 11 နဲ့ Grade 12 စာအုပ်တွေမှာပါတဲ့ **formal letter** နဲ့ **informal letter** များကို အခြေခံပြီး လေ့ကျင့်ထားဖို့လိုပါတယ်။ ပေးထားတဲ့မေးခွန်း ၂ ပုဒ်ထဲက ကြိုက်ရာတစ်ပုဒ်ကိုရွေးပြီး စာလုံးရေ ၃၀၀ ထက်မပိုအောင် ရေးသားဖြေဆိုရမယ်။ ဒီမေးခွန်းကို ဖြေဆိုတဲ့အခါ သတိပြုရမယ့်အချက်တွေကတော့ ပေးထားတဲ့ညွှန်ကြားချက်ကို သေချာဖတ်ဖို့ပဲဖြစ်ပါတယ်။ ဒီနေရာမှာ ပထမအချက်အနေနဲ့ စာရေးသူ (Addresser)နဲ့

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

စာလက်ခံရရှိမယ့်သူ (Addressee)တွေကို သေသေချာချာ သတိထားပြီး ပေးထားတဲ့နာမည်နဲ့လိပ်စာကိုသာ ရေးရမှာဖြစ်တယ်။ ဒုတိယအချက်အနေနဲ့ ဘာအကြောင်းအရာရေးရမလဲဆိုတာ ဖတ်ပါ။ ရေးခိုင်းတဲ့အကြောင်းအရာ ဘယ်နှခုလဲဆိုတာ သေသေချာချာဖတ်ပြီးမှ ရေးဖို့လိုပါတယ်။

ဥပမာ –

You are Zaw Htet Aung. You live at No. 7, Min Road, Pyay. Write a letter to your uncle, telling him about the new English coursebook you study this year and how interesting and useful it is.

ဆိုတဲ့မေးခွန်းကိုကြည့်ရင် addresser က Zaw Htet Aung ဖြစ်ပြီး addressee က his uncle ဖြစ်ပါတယ်။ အကြောင်းအရာအနေနဲ့ အချက်နှစ်ချက် ပါပါတယ်။ ပထမအချက်က the new English coursebook you study this year အကြောင်းကို ရေးသားရမှာဖြစ်ပြီး ဒုတိယအချက်အနေနှင့် how interesting and useful it is လို့ မေးထားတဲ့အတွက် the new English coursebook အကြောင်းကို ပထမဦးစွာ ပြောပြရမှာဖြစ်ပြီး ဘယ်လောက်ထိ စိတ်ဝင်စားစရာကောင်းတယ်၊ ဘယ်လိုအသုံးဝင်တယ်ဆိုတာ ရေးသားရမှာဖြစ်ပါတယ်။ အချက်နှစ်ချက်လုံးကို တိတိကျကျ ဆီလျော်မှုရှိအောင်ရေးမှ အမှတ်ကောင်းကောင်းရမှာဖြစ်ပါတယ်။ မေးခွန်းမှာမေးထားတဲ့ အကြောင်းအရာနှင့် ဆီလျော်မှုမရှိဘဲ ကျက်မှတ်ထားသမျှ ရေးမယ်ဆိုရင် မေးထားတာနဲ့ မဆီလျော်လို့ အမှတ်မရနိုင်ပါဘူး။

**မေးခွန်းနံပါတ် ၉** ကတော့ essay ဖြစ်ပြီး **Write an essay on ONE of the following. Do not write more than 500 words.** ဖြစ်ပါတယ်။ ပေးထားတဲ့ ခေါင်းစဉ် ၃ ခုထဲက မိမိအပိုင်နိုင်ဆုံး ခေါင်းစဉ်တစ်ခုကိုရွေးပြီး ရေးရမှာဖြစ်ပါတယ်။

ဥပမာ –

My views on the benefits of learning a foreign language ဆိုတဲ့ စာစီစာကုံးမှာ foreign language လေ့လာခြင်းရဲ့ အကျိုးကျေးဇူးများကို မိမိရဲ့အမြင်နဲ့ တင်ပြရေးသားရမှာ ဖြစ်ပါတယ်။ အဲဒီလိုမှသာ မေးထားတဲ့မေးခွန်းကို ထိထိမိမိဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

ပေးစာနဲ့ စာစီစာကုံးရေးတဲ့အခါမှာ ထည့်သွင်းစဉ်းစားရမယ့် အချက်တွေရှိပါတယ်။ ပထမဆုံးအနေနဲ့ Content and Relevancy ကို စဉ်းစားရမှာပါ။ မိမိရေးရမယ့် အကြောင်းအရာနှင့် ဆီလျော်တာကို ရေးရမှာဖြစ်ပါတယ်။ လုံးဝသက်ဆိုင်မှုမရှိတဲ့ အကြောင်းအရာတွေကို ရေးရင် အမှတ်ရမှာ မဟုတ်ပါဘူး။ ရေးရမယ့်အကြောင်းအရာနှင့် စပ်လျဉ်းတဲ့ အချက်အလက်နဲ့ ဥပမာတွေကို ပြည့်ပြည့်စုံစုံရေးနိုင်ဖို့ လိုပါတယ်။ ဒုတိယအချက်ကတော့ Organization and Presentation ဖြစ်တဲ့ ဖွဲ့စည်းပုံကောင်းခြင်းနှင့် တင်ပြပုံကောင်းခြင်းကို စဉ်းစားရမှာပါ။ အကြောင်းအရာ အချက်အလက်တွေကို အချိတ်အဆက်မိမိနဲ့ နိဒါန်း၊ စာကိုယ်၊ နိဂုံးမှာ အစီအစဉ်ကျကျ ရေးနိုင်ရမယ်။ ရေးတဲ့အကြောင်းအရာကို စာဖတ်သူ စိတ်ဝင်စားလာအောင်လည်း ဖွဲ့နွဲ့တင်ပြနိုင်စွမ်းရှိရမယ်။ နောက်တစ်ချက်ကတော့ Language အပိုင်းမှာပါတဲ့ စကားလုံးအသုံးအနှုန်းနှင့် သဒ္ဒါမှန်ကန်ခြင်းကို စဉ်းစားရပါမယ်။ စကားလုံးများကိုသုံးရာတွင် လှလှပပနှင့် မှန်မှန်ကန်ကန်သုံးနိုင်ပြီး ဝါကျတွေကိုလည်း ပုံစံအမျိုးမျိုးနဲ့ ဖွဲ့နွဲ့ရေးသားနိုင်ရမယ်။ စာလုံးရေကန့်သတ်ထားတဲ့အတွက် စကားလုံးဖောင်းပွခြင်းမရှိဘဲ ကျစ်လျစ်တဲ့ အရေးအသားဖြစ်စေဖို့ သတိပြုရမှာဖြစ်ပါတယ်။

ပေးစာနဲ့စာစီစာကုံးရေးရာမှာ ထပ်မံသတိပေးလိုတာကတော့ စာလုံးရေကန့်သတ်ထားတာကို သတိရှိဖို့ပါပဲ။ ဆီလျော်မှုရှိတဲ့ ပေးစာတွေ၊ စာစီစာကုံးတွေကို ကျစ်ကျစ်လျစ်လျစ် ထိထိမိမိ၊ သဒ္ဒါမှန်မှန်ရေးဖို့ ရည်ရွယ်ချက်နဲ့ စာလုံးရေ ကန့်သတ်ထားတာပဲဖြစ်ပါတယ်။ ဒါ့ကြောင့် စာမရေးခင်မှာ မိမိရေးသားမယ့်အကြောင်းအရာကို သေသေချာချာ အစီအစဉ်ချပြီးမှ ရေးသင့်တယ်။ ဒါမှသာ မေးထားတဲ့အချက်တွေအားလုံးကို ထည့်သွင်းရေးသားနိုင်ပြီး အမှတ်ကောင်းကောင်းရမှာဖြစ်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲကိုဖြေဆိုကြမယ့် ကျောင်းသားကျောင်းသူတွေကို အထူးမှာချင်တာကတော့ သင်ခန်းစာအားလုံးကို သေသေချာချာ လေ့လာမှတ်သားဖို့၊ စကားလုံးတွေ၊ ဝေါဟာရတွေရဲ့ အဓိပ္ပာယ်တွေအပြင် သူတို့ကို ဘယ်လိုအသုံးပြုတယ်ဆိုတာကိုပါ သိရှိအောင် လေ့လာဖို့၊ reading comprehension တွေကို ဘယ်လိုဖြေဆိုရမယ်ဆိုတာ သိရှိအောင် လေ့ကျင့်ထားဖို့၊ ကဗျာတွေကိုလည်း ရွတ်ဆိုနိုင်ရုံသာမက၊ အဓိပ္ပာယ်ဖွင့်ဆိုတတ်အောင် ကြိုးစားဖို့လိုပါတယ်။ ပေးစာနဲ့ စာစီစာကုံးတွေကိုလည်း သတ်မှတ်ထားတဲ့ စကားလုံးအရေအတွက်အတွင်းမှာ ကျစ်ကျစ်လျစ်လျစ်နဲ့ ဆီလျော်မှန်ကန်အောင် ရေးတတ်ဖို့လည်း လေ့ကျင့်ကြပါလို့ မှာကြားလိုပါတယ်။

ကျောင်းသား ကျောင်းသူများအားလုံး ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်ကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာနဲ့ အခက်အခဲမရှိ ထူးထူးချွန်ချွန်နဲ့ ဖြေဆိုအောင်မြင်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

## ဖျာပုံ - အပြောင် - ကျီးနှစ်ပင် ကျေးရွာချင်းဆက်လမ်းရှိ အပြောင်ချောင်းကူး ကွန်ကရစ်တံတားတည်ဆောက်

**ဖျာပုံ ဖေဖော်ဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်အတွင်း ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဖျာပုံ – အပြောင် – ကျီးနှစ်ပင် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ အပြောင်ချောင်းကူး ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။



၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဖျာပုံ – အပြောင် – ကျီးနှစ်ပင် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ အပြောင်ချောင်းကူး ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် မြို့နယ်အတွင်းရှိ ကျေးလက်လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) မှ ညွှန်ကြားရေးမှူးချုပ် ဦးစိုးထွန်းနိုင်၊ တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမင်းသိန်းနှင့် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၃ ရက်တွင် လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်ဝင်းနိုင် (ဖျာပုံ)**



## ရေဦးမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေး

**ရေဦး ဖေဖော်ဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့ အထက(၁)၌ ဖေဖော်ဝါရီ ၂၃ ရက်က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ရေဦးခရိုင် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းသူရက ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းရခြင်းအကြောင်း၊ ရည်ရွယ်ချက်၊ အဆင့်ဆင့်လုပ်ဆောင်ရသည့် လုပ်ငန်းစဉ်နှင့် ရွှေ့ဆိုင်းခွင့်ရှိသည့်ပုဂ္ဂိုလ်များ၊ ကင်းလွတ်ခွင့်ရှိသည့်ပုဂ္ဂိုလ်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး တင်အောင်သန်းက နိုင်ငံတော်ကာကွယ်ရေးတာဝန်များ၊ စစ်မှုထမ်းရမည့် အသက်အရွယ်၊ စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ရရန် ဥပဒေ၊ နည်းဥပဒေနှင့်အညီ လျှောက်ထားပုံနည်းလမ်းများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းနိုင်ထွန်းနှင့် အဖွဲ့ဝင်များက လက်ရှိပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး စစ်မှုထမ်းလုပ်ဆောင်နေမှုအခြေအနေများ၊ ပုံစံ(၁)မှ ပုံစံ(၁၂) အထိ ချပြရှင်းလင်းခြင်းနှင့် စစ်မှုထမ်းရန်ဆင့်ခေါ်ရာတွင် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သန်းသန်း(ရေဦး)**

## လပွတ္တာမြို့နယ်၌ ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်

**လပွတ္တာ ဖေဖော်ဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ရောက်ရှိလာသည့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေနဒီခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ကိုယ်စား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယရဲမှူးကြီးမျိုးမြင့်က နေရပ်စွန့်ခွာ ပြည်သူများအား အမှာစကားပြောကြားပြီး မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသူရက ယာယီနေရပ်စွန့်ခွာပြည်သူများအား ဆန်ရိက္ခာနှင့် ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး အောင်ဖုန်းဟန်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ယာယီနေရပ်စွန့်ခွာပြည်သူ ၂၂၈ ဦးအား တစ်ဦးလျှင် ဆန်နှစ်ပြည်နှုန်းဖြင့် စုစုပေါင်း ဆန် ၁၉ အိတ်၊ ယာယီနေရပ်စွန့်ခွာပြည်သူ ၃၄၉ ဦးအား တစ်ဦးလျှင် ငွေကျပ် နှစ်သောင်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၆၉၈၀၀၀၀ ကိုလက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဟိန်းထက်လင်း(ပြန်/ဆက်)**

## တာချီလိတ်မြို့နယ် ဆီဝန်းထောင်ကျေးရွာ သောက်သုံးရေရရှိရေး စက်ရေတွင်း တူးဖော်ပြီးစီး

**တာချီလိတ် ဖေဖော်ဝါရီ ၂၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မိုင်းဖုန်း(က) ကျေးရွာအုပ်စု ဆီဝန်းထောင်ကျေးရွာတွင် သောက်သုံးရေရရှိရေးအတွက် အဝီစိစက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

ဆီဝန်းထောင်ကျေးရွာတွင် အကျယ် လေးလက်မ၊ အနက် ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်အမာလွင်၊ မြို့နယ်ဦးစီးမှူး ဒေါ်လဲ့လဲ့သင်းနှင့် ဝန်ထမ်းများက ဖေဖော်ဝါရီ ၂၄ ရက်တွင် ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ရေရရှိရေးလုပ်ငန်းများကို တန်ဖိုးထားပြီး ရေရှည်တည်တံ့အောင် ရေပေးရေးမှာကြားသည်။ အဆိုပါအဝီစိတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၅၂၃ သိန်းဖြင့် ယမန်နှစ် ဇူလိုင်လ ဒုတိယပတ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။ **မောင်ခိုင်**



# တောင်ငူမြို့၌ မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက်အကူပြုဗဟိုကော်မတီနှင့် သာသနာ / အသင်းတော်ခေါင်းဆောင်များ တွေ့ဆုံ

**တောင်ငူ ဖေဖော်ဝါရီ ၂၄**

မြန်မာနိုင်ငံ ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက်အကူပြုဗဟိုကော်မတီနှင့် သာသနာ/ အသင်းတော်ခေါင်းဆောင်များ တွေ့ဆုံဆုတောင်းခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက်က တောင်ငူမြို့ တောင်ငူနှစ်ခြင်းခရစ်ယာန်ဘုရားရှိခိုးကျောင်းနှင့် ပကူးမြို့မ ကရင်နှစ်ခြင်းအသင်းတော်တို့၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်နှင့် အဖွဲ့ဝင်များ၊ ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်နှင့် တောင်ငူမြို့နယ်အတွင်းရှိ ခရစ်ယာန်အသင်းတော်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ သိက္ခာတော်ရဆရာတော် စောရွှေဒိုးနှင့် မြန်မာနိုင်ငံ ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက်အကူပြု ဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူး သိက္ခာတော်ရဆရာတော် စောချစ်မျိုးတို့က မိတ်ဆက်ဆုတောင်းစကား ပြောကြားသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင်နှင့် တက်ရောက်လာကြသူများက "အိုသာယာသော မြန်မာပြည်တော်" ဓမ္မသီချင်းကို အတူတကွသီဆိုကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင်က ငြိမ်းချမ်းရေးဖော်ဆောင်နေသည့် နိုင်ငံတော်အစိုးရ၏စေတနာကို သိရှိနားလည်ပြီး တိုင်းရင်းသားညီအစ်ကို မောင်နှမအချင်းချင်း စည်းစည်းလုံးလုံး ငြိမ်းငြိမ်းချမ်းချမ်း နေထိုင်သွားကြစေလိုကြောင်း ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက အမှာစကား ပြောကြားသည်။ ယင်းနောက် တောင်ငူမြို့နယ်အတွင်းရှိ အသင်းတော်များမှ တာဝန်ရှိသူများက တင်ပြဆွေးနွေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင်များမှ အကြံပြုချက်များ ဆွေးနွေးပြောကြားသည်။ ထို့နောက် ငြိမ်းချမ်းရေးအတွက် အဖဘုရားသခင်ကိုယ်တော်မြတ်ထံ ဖယောင်းတိုင်မီး ထွန်းညှိပူဇော်၍ အထူးဆုတောင်းခြင်း ဆောင်ရွက်ကြပြီး တောင်ငူမြို့နယ်အတွင်းရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများမှ ယာယီနေရပ်စွန့်ခွာပြည်သူများအား အလှူငွေ၊ ဆန်၊ အဝတ်အစားနှင့် ဆေးပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**



# ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၌ (၂၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

နေပြည်တော်ရှိ ပြည်ထောင်စု တရားလွှတ်တော်ချုပ်တွင် ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၄ ရက်ထိ ကျင်းပခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်တရား သူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် တရားရေးဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း တရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီးများ/ ခရိုင်တရားသူကြီးများ၏ (၂၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် မှာကြားချက်များအပေါ် ထပ်ဆင့်ရှင်းလင်းသည့် အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက်က ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ Virtual ဖြင့် ကျင်းပသည်။ **(အောက်ပုံ)**

ထပ်ဆင့် ရှင်းလင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်က ပြည်ထောင်စုတရားသူကြီးချုပ်နှင့်ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ မှာကြားချက်များပါ တရားစီရင်ရေးနှင့် တရားရုံးစီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ကြရန်၊ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး ထိခိုက်စေသည့် အမှုများကို အလေးအနက်ထား စဉ်းစားဆောင်ရွက်ကြရန် လိုကြောင်း၊ တရားသူကြီးများအနေဖြင့် အမှုစစ်ဆေးဖို့ တာဝန်ရှိသလို တရားရုံး၏စီမံခန့်ခွဲမှုဖြစ်သည့် သက်သေခံပစ္စည်းများ၊ ငွေကြေးများနှင့်စပ်လျဉ်း၍ သေသေချာချာ ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားရေးဦးစီးမှူးက နိုင်ငံတော်ဘဏ္ဍာငွေများ လေလွင့်ပြုန်းတီးမှု မဖြစ်ပေါ်စေရေး အထူးဂရုပြုဆောင်ရွက်ကြရန်လိုကြောင်း၊ တရားသူကြီးများသည် မိမိဂုဏ်သိက္ခာထိန်းသိမ်းပြီး လျော်ကန်သင့်မြတ်စွာ ဝတ်စားဆင်ယင်ကြရန်လိုကြောင်း ထပ်ဆင့်ရှင်းလင်းမှာကြားသည်။

**အောင်မြင့်(ပြန်/ဆက်)**







# ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်နှစ်ပတ်လည်နေ့ သုတေသနစာတမ်းဖတ်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၏ တက္ကသိုလ်တည်ထောင်ခြင်း (၂၆) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲကို ယနေ့နံနက်ပိုင်းက သန်လျင်မြို့ရှိ ယင်းတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ပါမောက္ခချုပ် ဒေါက်တာနေဝင်းဦးက အမှာစကားပြောကြားပြီး သုတေသနစာတမ်းဖတ်ပွဲကို ကျင်းပသည်။ အဆိုပါစာတမ်းဖတ်ပွဲတွင် သုတေသနစာတမ်း ၅၁ စောင် ဖတ်ကြားတင်သွင်းခြင်းကို ယနေ့မှ ဖေဖော်ဝါရီ ၂၅ ရက်အထိ နှစ်ရက်တာ ကျင်းပပြီး နှစ်ပတ် လည်အထိမ်းအမှတ်အဖြစ် ဘာသာရပ်ပေါင်းစုံဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၂၆ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# ဒက္ခိဏသီရိမြို့နယ် ရဲဒိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်း

**ဒက္ခိဏသီရိ ဖေဖော်ဝါရီ ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုရှိ ဒက္ခိဏသီရိမြို့နယ် ရဲဒိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ရဲဒိကျေးရွာတွင် စီမံကိန်းလည်ပတ် ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေး လုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများကို ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးတင့်၊ မြို့နယ်ဦးစီးမှူး ဒေါ်လဲ့လဲ့နိုင်နှင့် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၄ ရက်တွင် ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ခရိုင်ဦးစီးမှူးက ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး လအလိုက် ဖြည့်သွင်းရမည့်ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန် မှုရှိ/မရှိ စစ်ဆေးခဲ့သည်။



ရဲဒိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ ချေးငွေ အောင်မြင်သူ အသင်းသူအသင်းသား ၁၇၀ ကို ရန်ပုံငွေကျပ် ၅၆၅ သိန်းအထိ အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးထားနိုင်ခဲ့ကြောင်း သိရသည်။ **မောင်ခိုင်**

# တံတားဦးမြို့နယ်၌ ဆောင်းနေကြာများ အောင်မြင်ဖြစ်ထွန်း

**တံတားဦး ဖေဖော်ဝါရီ ၂၄**

၂၀၂၄-၂၀၂၅ ခုနှစ်ဆောင်းရာသီတွင် စိုက်ပျိုးထားသော စားသုံးဆီဖူလုံရေးအတွက် စိုက်ပျိုးထားပြီး အထူးထွက်နှုန်း ကောင်းမွန်ရေးနှင့် ဝင်ငွေတိုးပွားရရှိရေးတို့ကို ရည်ရွယ်၍ တံတားဦးမြို့နယ် ပန်းယျကျေးရွာရှိ သော်တာလင်းလယ်ယာနှင့် အထွေထွေစီးပွားရေး အသင်းသား တောင်သူ ဒေါ်ဝါဝါထွန်း၏ စိုက်ဧရိယာ ၂ ဒသမ ၅ ဧကတွင် စပ်မျိုးနေကြာ-၁ ဆောင်းနေကြာ အောင်မြင်ဖြစ်ထွန်းမှုကို ယမန်နေ့က မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှူး ဦးထွန်းဇော်ဦးနှင့် အဖွဲ့ဝင်များ ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှူးက တောင်သူများအနေဖြင့် သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် ခေတ်မီစိုက်ပျိုးနည်းစနစ်များကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းပြီး စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်ကြောင်း၊ သို့မှသာ အသင်းသားများ စိုက်ပျိုးထားသည့် သီးနှံများ တစ်ဧကပန်းတိုင် အထွက်နှုန်းရရှိပြီး တောင်သူများဘဝဝင်ငွေတိုးပွား ရရှိမည်ဖြစ်ရာ ပန်းတိုင်အထွက်နှုန်းရရှိရေး မျိုး၊ ရေ၊ မြေ၊ စိုက်ပျိုးနည်းစနစ် ဟန်ချက်ညီအောင် ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် တံတားဦးမြို့နယ် နီးစပ်ရာ ဆီစက်သို့ စားသုံးဆီ ကြိတ်ခွဲမှု ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ရဲတင့်(ပြန်/ဆက်)**



# ထားဝယ်တက္ကသိုလ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**ထားဝယ် ဖေဖော်ဝါရီ ၂၄**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ထားဝယ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီ ဒုတိယဥက္ကဋ္ဌတိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်လှိုင်က ကျောင်းသား ကျောင်းသူများအနေဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းဝေးစေရေးနှင့် အသိပညာဗဟုသုတများရရှိစေရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း အသိပညာပေးဆွေးနွေးပြောကြားပြီး သဘာဝပတ်ဝန်းကျင်အကြောင်းသိကောင်းစရာများ၊ မူးယစ်ဆေးဝါးအကြောင်းနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေများအကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီ အတွင်းရေးမှူး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူးဦးအောင်နိုင်နှင့် တွဲဖက်အတွင်းရေးမှူး၊ အမှတ်(၁၁) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ(တနင်္သာရီ) ရဲမှူး ထွန်းနိုင်အောင်တို့က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် သိရှိလိုက်နာရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ၊ လမ်းညွှန်လမ်းအမှတ်အသား၊ အချက်ပြများ၊ ဆောင်ရန်၊ ရှောင်ရန်များနှင့် သိရှိလိုက်နာရမည့်အချက်များကို ရှင်းလင်းဆွေးနွေးဟောပြောသည်။



ထို့နောက် တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးဦးသက်နိုင်က ကျောင်းသား ကျောင်းသူအဆောင်များတွင် အသုံးပြုနိုင်ရန်အတွက် ၄၀ လက်မ မြန်မာ့ရုပ်မြင် သံကြိုးစက် နှစ်လုံးအားလည်းကောင်း၊ တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်လှိုင်က ထားဝယ်တက္ကသိုလ်မိသားစုဝင်များအတွက် အာဟာရဒါနအဖြစ် ကြက်ဥအလုံး ၁၀၀၀ အားလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးများက ထားဝယ်တက္ကသိုလ်အတွက် လှူဒါန်းငွေကျပ်သုံးသိန်းအားလည်းကောင်း ပေးအပ်လှူဒါန်းရာ ပါမောက္ခချုပ်ဒေါက်တာ သန်းသန်းဦးက လက်ခံရယူသည်။ **(ဓာတ်ပုံ)** ဆက်လက်၍ ပါမောက္ခချုပ် ဒေါက်တာသန်းသန်းဦးက အသိပညာပေးဟောပြောသူများအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပေးအပ်ခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်းသို့ ဒေသအသီးသီးမှ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေများ ထုတ်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၂၄ ရက်ကလည်း တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းနှုန်းကို ရွာမအရှေ့ရပ်ကွက် အင်းစိန်မြို့နယ်ခန်းမ၌ ဆက်လက်ပေးအပ်လျက်ရှိသည်။

ပေးအပ်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမြင့်က ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအား တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အင်းစိန်မြို့နယ်အတွင်းသို့ ဒေသအသီးသီးမှ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့် အိမ်ထောင်စု ၃၉၁ စု၊ ဝန်ထမ်း ၉၇ ဦး၊



ပြည်သူ ၁၂၇၂ ဦး စုစုပေါင်း ၁၃၆၉ ဦးတို့အား တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၂၇၃၈၀၀၀၀ ကို ဌာနဆိုင်ရာများပါဝင်သော အဖွဲ့သုံးဖွဲ့ဖြင့် ယာယီနေရပ်စွန့်ခွာပြည်သူများလက်ဝယ်အရောက် ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)** **ဇင်မင်းထိုက်(ပြန်ဆက်)**

# ကျောက်တံတားမြို့နယ်၌ ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်

**ကျောက်တံတား ဖေဖော်ဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်၌ ဒေသအသီးသီးမှ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ကျောက်တံတားမြို့နယ်အတွင်းသို့ ရောက်ရှိလာသည့် ယာယီနေရပ်စွန့်ခွာပြည်သူများအား ပထမအကြိမ် ထောက်ပံ့ပေးအပ်ပွဲကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဖေဖော်ဝါရီ ၂၁ ရက်က ကျင်းပသည်။




အဆိုပါအခမ်းအနားတွင် ကျောက်တံတားခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဥက္ကာက အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမိုးထွေးဦးက ဆွေးနွေးပြောကြားကာ ကျောက်တံတားခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ယာယီနေရပ်စွန့်ခွာပြည်သူ ၇၇ ဦးအား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေများအား ယာယီနေရပ်စွန့်ခွာပြည်သူများလက်ဝယ်အရောက် ပေးအပ်သည်။ **(ဓာတ်ပုံ)**

အခမ်းအနားသို့ ကျောက်တံတားခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဥက္ကာ၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး စိုးမင်းအောင်၊ အဖွဲ့ဝင်(၂) ဦးစံကျော်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းထက်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမိုးထွေးဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ထောက်ပံ့ပေးရေးအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်စာရေးများ၊ ယာယီနေရပ်စွန့်ခွာပြည်သူများ စုစုပေါင်း ၁၁၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျောက်တံတား(ပြန်/ဆက်)**

# ဂျပန် - မြန်မာဘောက်ဆင်ပြိုင်ပွဲ မြန်မာကစားသမားများ ရှုံးနိမ့်

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

World Boxing Council(WBC)နှင့် ဂျပန်နိုင်ငံဘောက်ဆင်ကော်မရှင်က ကျင်းပသည့် Benkei Boxing ပြိုင်ပွဲကို ယနေ့ ဂျပန်စံတော်ချိန် ၂နာရီက ဂျပန်နိုင်ငံ အိုဆာကာမြို့၌ ကျင်းပခဲ့ရာ မြန်မာဘောက်ဆင်ကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ အမှတ်ဖြင့် ရှုံးနိမ့်ခဲ့ကြကြောင်း သိရသည်။

အဆိုပါဘောက်ဆင် ခြောက်ချီပြိုင်ပွဲများ၌ ၅၂ ကီလိုတန်းတွင် နော်ဖုန်း(မြန်မာ)နှင့် RYOMA MORIMOTO(ဂျပန်)၊ ၅၃ ကီလိုတန်းတွင် စောလင်းအောင်နှင့် RYO MANDOKORO (ဂျပန်)၊ ၆၀ ကီလိုတန်းတွင် ဂင့်ရှန်းမွေ်နှင့် CHOI YOUNG DOO(ဂျပန်) တို့က ယှဉ်ပြိုင်ထိုးသတ်ကြရာ မြန်မာမှ သုံးဦးစလုံး အမှတ်ဖြင့် ရှုံးနိမ့်ခဲ့ကြကြောင်း သိရသည်။

ပြိုင်ပွဲအပြီး မြန်မာကစားသမားများအား Japan Promoter နှင့် Commissioner က အသိအမှတ်ပြုခြင်းခံခဲ့ရကြောင်း သိရသည်။ မြန်မာဘောက်ဆင် ကစားသမားများသည် အကောင်းဆုံးကစားသွားကြပြီး ပြင်ဆင်မှုအသစ်များဖြင့် ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲသို့ မြန်မာဘောက်ဆင်ကော်မရှင်မှ အုပ်ချုပ်သူနှင့် အဖွဲ့ခေါင်းဆောင် ဦးဝဏ္ဏ၊ နည်းပြ ဦးရန်ဝင်းကြည်၊ အဖွဲ့ဝင် ဦးသန်းစိုးအောင်နှင့် ဘောက်ဆင်ကစားသမားသုံးဦးတို့ လိုက်ပါသွားကြောင်း သိရသည်။

**အာကာစိုး**

## အချိန်အခါမဟုတ် မိုးရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ယနေ့ ညနေ ၅ နာရီအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ အနောက်ဘက်မှရွေ့လျားလာသောလေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ ၂၇-၂-၂၀၂၅ ရက်နေ့အတွင်း နေပြည်တော်၊ ရန်ကုန် တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**



မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ ကျီတော်ကုန်းရပ်ကွက်ရှိ Royal Thein Min Co.,Ltd. (သိန်းမင်း ငရုပ်သီးမှုန့်လုပ်ငန်း)တွင် ဖေဖော်ဝါရီ ၂၄ ရက်က ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းနှင့် တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးစဉ်။
ချမ်းသာ(မိတ္ထီလာ)



ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၂၃ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးမြင့်သူ ဦးဆောင်၍ တပ်ဖွဲ့ဝင်များနှင့်အတူ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအတွင်း အသံချဲ့စက်များဖြင့် လိုက်လံအသိပေးဆော်သြစဉ်။
နေမျိုးအောင်



မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကသဲကုန်းကျေးရွာရှိ ရွှေနဂါး တရုတ်ရိုးရာဝါးပျော့ဖက်နှင့် ခဲစက္ကူစက်ရုံတွင် ဖေဖော်ဝါရီ ၂၄ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်မင်းကျော်က မီးဘေးလုံခြုံရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပြီး မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို မီးသတ်တပ်ဖွဲ့ဝင်များ၊ စက်ရုံဝန်ထမ်းများက ပူးပေါင်းသရုပ်ပြလေ့ကျင့်ခြင်းများ ပြုလုပ်စဉ်။ မောင်ကျော်ကြီး

## မြေပေးမိန့်ပျောက်ဆုံးကြောင်းကြေညာခြင်း

တာချီလိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ (၁၈-၂-၂၀၀၄) ရက်စွဲပါ မြေပေးမိန့်အမှတ်စဉ် (၂၀/၂၀၀၄)ဖြင့် တာချီလိတ်မြို့၊ ဆန်ဆိုင်း(က) ရပ်ကွက်၊ မြို့ကွက်သစ်အပိုင်း(စ)၊ ဦးပိုင်အမှတ်(၃၁)၊ မြေဧရိယာ(၀.၀၅၅) ဧကရှိ မြေကွက်အား တာချီလိတ်မြို့၌ တာဝန်ထမ်းဆောင်ခဲ့စဉ်က ကျွန်တော် ဗိုလ်ကြီးတင့်လွင်(ငြိမ်း) ၃/ဘအန(နိုင်)၀၁၃၃၅၃ အမည်ဖြင့် ခွင့်ပြုချထားပေးခဲ့ပါသည်။ အဆိုပါမြေကွက်၏ မြေပေးမိန့်မူရင်းမှာ ပြောင်းရွှေ့ခရီးသွားလာစဉ် ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ပြန်လည် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက သက်ဆိုင်ရာရုံးဌာန၌ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဗိုလ်ကြီးတင့်လွင်(ငြိမ်း)
ဖုန်း-၀၉-၅၂၄၁၀၀၇

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

လယ်ဝေးမြို့၊ အမှတ်(၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ မြို့သစ်မြောက်ရပ်)၊ ဦးပိုင်အမှတ်(၃၄-ဃ)၊ မြေဧရိယာ(၀ဒသမ၀၆၅)ဧကရှိ အစိုးရမြို့မြေကွက်အား ဒေါ်တူးမာ(ဘ)ဦးအဒူလာ ၉/လဝန(နိုင်) ၀၅၀၂၈၆မှ အရောင်းအဝယ်စာချုပ်မူရင်း၊တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ကိုယ်တိုင်ကတိဝန်ခံချက်မူ ရင်းများတင်ပြ၍ မြေငှားစာချုပ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ -၂၀)**
**တောင်ကြီးမြို့နယ်တရားရုံးတော်**
**၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၂**

**ဦးနိုင်ဝင်း** (တရားလို) **နှင့်** **ဒေါ်နန်းဆိုင်ဖောင်း** (တရားပြိုင်)

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၂)ရပ်ကွက်နေ ဒေါ်နန်းဆိုင်ဖောင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးနိုင်ဝင်းက အိမ်မြေအရောင်းအဝယ်စာချုပ်မှတ်ပုံတင်ချုပ်ဆိုပေးစေလိုမှု နှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့ တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ် ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅ခုနှစ်၊ မတ် လ၁၀ရက် (၁၃၈၆ ခု နှစ်၊ တပေါင်းလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသား ပါရှိသူက တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်း ပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေး ရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သင်းသီရိဝင်း)
မြို့နယ်တရားသူကြီး
တောင်ကြီးမြို့နယ်တရားရုံး

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် ၁၀၊ ဦးပိုင်အမှတ် ၈၅-ခ၊ ၅၆ x ၅၇ကြား၊ ၃၉ x ၄၀ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်စိန်ရွှေ ၉/မရတ(နိုင်)၀၆၉၇၂၅ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၃၂၂/၂၀၀၆)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်တင်ဌေး ၉/မရမ(နိုင်)၀၇၂၈၇၉ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်**
**သာယာရေးကော်မတီ**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် ဌ-၅၊ဦးပိုင်အမှတ် ၃၅၊ ၆၈x၆၉ကြား၊ ၁၁၇x၁၁၈လမ်းကြားရှိ တောဂရန်မြေ ကွက်အမည်ပေါက်သူ ဒုအရာခံဗိုလ် ကံထွန်း ၉/မနမ(နိုင်) ၀၈၈၁၁၄၊ ABN -၀၄၀၁၂၅၏အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၂၉၅/၂၀၀၆)ဖြင့် လွှဲအပ်ခြင်းခံ ရသူ ဒေါ်တင်မေဦး ၉/မနမ(နိုင်)၀၈၈၃၃၀ က တောဂရန်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများ ဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ငငု-၄၊ ဦးပိုင်အမှတ် ၇၉-ခ၊ ၁၀၄x၁၀၅ကြား၊ ၅၆x၅၇လမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဦးစိုင်းသန့်မောင် ၅/ဟမလ(နိုင်) ၀၆၅၂၈၀ က ဂရန် စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေ ရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၃ရပ်ကွက်၊ အကွက်အမှတ် ငြ-၃၊ ဦးပိုင်အမှတ်(၃၉)၊ ၆၂(B)လမ်း၊ ၁၀၈x၁၀၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ယဉ်နှင်းခိုင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၆၁၂/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဆန်းအေး ၁/မညန(နိုင်) ၁၄၁၆၃၅က အမှုတွဲအမှတ်(၆၆၁၅/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

**ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၅၂)၊စံပါယ်ဦးလမ်း၊မြေကွက်အမှတ်(၃၉၅)၊အကျယ်အဝန်း(၅၀ပေ×၆၀ပေ)ရှိဦးတင်နွယ်(၁၂/သဃက(နိုင်)၀၀၅၉၂၇) အမည်ပေါက်ပါမစ်မြေကွက်အနက်မှတရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ်(၃၉၆)နှင့်ကပ်လျှက်ရှိသော အကျယ်အဝန်း ( ၂၅ပေ × ၆၀ပေ ) ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်စန်းစန်းအေး (၁၄/မအပ (နိုင်) ၁၉၁၆၃၆ ) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးအောင်ကျော်လှိုင် LL.B,**
**အထက်တန်းရှေ့နေ (စဉ်-၄၃၆၈၈)**
**Ph-09421746974,**

# အများသိစေရန်ကြေညာခြင်း

